မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၈)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ဘယ်လာရုစ်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မင့်စ်မြို့၌ မြန်မာသံရုံးဖွင့်လှစ်ခြင်း အခမ်းအနားနှင့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တို့သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် ကရင်မလင်နန်းတော်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ယနေ့ ဗတ်စရာ

**ဂျုံကိုစိုက်ပါ၊ ဂျုံကိုစားပါ - ကျန်းမာသောပြည်သူ၊ ကြွယ်ဝသောနိုင်ငံဆီသို့**

ဆောင်းပါး > စာ > ၁၀

**ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း > စာ > ၁၇

## တောင်ကြီးမြို့နယ်၌ စပျစ်ဝိုင်ထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိ

တောင်ကြီး ဩဂုတ် ၁၈

တောင်ကြီးမြို့နယ် အေးသာယာစပျစ်ခြံမှ ထွက်ရှိလာသော စပျစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန် စပျစ်ဝိုင်အဖြစ်ထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ အေးသာယာရှိ ဒေသထုတ်ကုန်တစ်ခုဖြစ်သော စပျစ်စိုက်ပျိုးနေမှုနှင့် စပျစ်ဝိုင်ထုတ်လုပ်နေမှုကို

စာမျက်နှာ ၈ ကော်လံ ၁ ✻

## ဆန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ရေဘေးသင့်ဒေသများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်အိတ်ရေ တစ်သိန်း ရောင်းချပေးမည်

ရန်ကုန် ဩဂုတ် ၁၈

ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်မှန်ကန်ရေးနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့်ဒေသများအတွက် သက်သာသောဈေးနှုန်းများဖြင့် ဆန်များရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ ဩဂုတ် ၁၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစီအစဉ်တွင် ရေဘေးကူညီရေးပရဟိတအဖွဲ့အစည်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်အိတ်ရေ တစ်သိန်း ရောင်းချပေးခြင်းနှင့်ပြည်သူများထံ အိမ်တိုင်ရာရောက် ရောင်းချပေးမည့်အစီအစဉ်များ ပါဝင်သည်။

အဆိုပါထုတ်ပြန်ချက်အရ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သောဒေသများသို့ ဖြန့်ဝေပေးမည့် ပရဟိတနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ဧည့်မထ ၁၅ % အဆင့် ဆန် (၂၄ ပြည် - ၁၀၈ ပေါင်) အိတ်ကြီး အိတ်ရေ တစ်သိန်းကို တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့် ထုတ်ရောင်းပေးမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆



မြန်မာ့အလင်း

# အနာဂတ်တစ်လျှောက် အစွန့်ရှည်တည်တံ့မည်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရာ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးကြား တတိယအကြိမ်မြောက်တွေ့ဆုံမှုဖြစ်သည်။

မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများဖြစ်ကြသည့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးသည် ယခုနှစ်တွင် ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးကြား ပထမအကြိမ်တွေ့ဆုံမှုသည် ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) တွင်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကာလကြာရှည်ပြီဖြစ်သည့် မိတ်ဖက်ဆက်ဆံရေးအပေါ် နှစ်ဖက်ခေါင်းဆောင်တို့က ထုတ်ဖော်ချီးကျူးခဲ့ကြသလို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများရှိနေသည့်အပေါ်တွင်လည်း အသိအမှတ်ပြုခဲ့ကြသည်။

ဒုတိယအကြိမ်တွေ့ဆုံမှုမှာ ယမန်နှစ်မတ်လဆန်းပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း မော်စကိုမြို့ ကရင်မလင်နန်းတော်၌ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ သီးခြားတွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ အဆိုပါခရီးစဉ်နှင့် တွေ့ဆုံဆွေးနွေးမှုသည် ရုရှား- မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်းကို နှစ်ဖက်ခေါင်းဆောင်တို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အဆိုပါခရီးစဉ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပြီး တစ်နှစ်ကျော်ကာလအတွင်း တတိယအကြိမ်အဖြစ် နှစ်နိုင်ငံခေါင်းဆောင်တို့၏ တွေ့ဆုံဆွေးနွေးမှုမှာ မိတ်ဆွေကောင်းမိတ်ဆွေဟောင်း နှစ်နိုင်ငံအကြား ပိုမို၍နီးကပ်လာမှုနှင့် ပိုမို၍ထူးခြားလေးနက်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ခရီးဦးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် "မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း" ပြောကြားခဲ့မှုများမှာ မှတ်သားစရာပင်ဖြစ်သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြန်လည်ဆွေးနွေးပြောကြားရာတွင် "မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ်ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးနယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်နယ်ပယ်များလည်း များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း" ပြောကြားခဲ့မှုများက မြန်မာ-ရုရှား နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ နက်ရှိုင်းမှုကို ထင်ဟပ်နေစေသည်။

မြန်မာနှင့်ရုရှားသမ္မတနှစ်ဦးတို့၏ ဆွေးနွေးမှုအပြီး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် ဆက်လက်၍နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားတွင် လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည့် နားလည်မှုစာချွန်လွှာများက နှစ်နိုင်ငံကြား ရှေ့ဆက်၍ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်ကဏ္ဍများကိုပြသနေသည်။

ရုရှားနှင့် မြန်မာတို့မှာ ခရီးမိုင်ထောင်ချီကွာလှမ်းသည့် နိုင်ငံများဖြစ်ကြသော်လည်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်စိတ်ချရသော မိတ်ဖက်ခိုင်မြဲမှုတို့က လွန်စွာပင်နီးကပ်လှသည်။ နှစ်နိုင်ငံအကြား ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများအဖြစ် အနာဂတ်ကာလတစ်လျှောက် အစွန့်ရှည်တည်တံ့မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**၁၈ - ၈ -၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## (၁၈-၈-၂၀၂၄) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၅၉၅,၂၁၈.၁၉ | ၂၉,၇၀၄,၉၄၅.၂၂ | ၁၂၀,၁၁၇,၈၆၉.၂၆ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ**

နေပြည်တော် ဩဂုတ် ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၈ - ၂၀၂၄    ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၀၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၀၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❑ ရွှေဖုံးမှ

တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ လက်ထောက်နှင့် အစိုးရအဖွဲ့အကြီးအကဲများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်တက်ကြွကြွပူးပေါင်း**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ခရီးဦးကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များကို ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများကို မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာတိုးတက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံ အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယခုအဆွေတော်၏ ရုရှားနိုင်ငံသို့ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးပွဲများ၊ လေ့လာစရာများရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်းဖြင့် ပြောကြားသည်။

**ပြောင်းလဲတိုးတက်လာ**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုမှုအတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ဖူးပြီး ယခုအခါ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီးနောက်ပိုင်းတွင် ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆွေတော် ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအပေါ်တွင် အဆွေတော်အနေဖြင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားကြောင်း ပြောကြားပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီး ဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်း၊ ထိုအချိန်တွင် အဆွေတော်တို့အနေဖြင့် အထူးအဖွဲ့များ စေလွှတ်၍ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပေးခဲ့သည်ကို ယခုအချိန်အထိ မမေ့ပါကြောင်းနှင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ် ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရေး နယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီ ဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်နယ်ပယ်များလည်း များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမြဲအသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန်နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဒီဂျစ်တယ်ငွေကြေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍ၊ ကုန်သွယ်ရေကြောင်း ပို့ကုန်နှင့် ပို့ဆောင်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**လက်မှတ်ရေးထိုးလဲလှယ်**

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တစ်ဖက်သတ် အကျပ်ကိုင်ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန်နည်းလမ်းများနှင့် ပတ်သက်သည့် ကြေညာချက်၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**“ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့် ပြည်သူများကို မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလို၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာ တိုးတက်လျက်ရှိနေ၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား - အာဆီယံ အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိ၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ”**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်**

**“ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေ၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးနယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီဖြစ်၊ ဆက်လက်လုပ်ဆောင်ရန် နယ်ပယ်များလည်း များစွာကျန်ရှိနေသေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာ ပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလို၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာ ရှိနေမည် ”**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

*စာမျက်နှာ ၃ မှ*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒီဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSAT နှင့် ကမ္ဘာအနီး အာကာသအတွင်း အန္တရာယ်ရှိသော အခြေအနေများအတွက် အလိုအလျောက်သတိပေးစနစ် (ASPOS)နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသအေဂျင်စီနှင့် Plekhanov Russian University of Economics တို့အကြား နားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Bauman Moscow State Technical University တို့အကြား နားလည်မှုစာချွန်လွှာများ အပါအဝင် စုစုပေါင်း နားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်း နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ အသီးသီးလဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန် ပြောကြားမှုကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာ-ရုရှား နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို တာဝန်ရှိသူများက လဲလှယ်ကြစဉ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု

**နေပြည်တော် ဩဂုတ် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မော်စကိုမြို့ စစ်ဘက်ဆိုင်ရာအကြီးအကဲတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်သမ္မတက အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ ကျဆုံးလေပြီးသော သူရဲကောင်းများအား ရည်စူး၍ ၁ မိနစ်ငြိမ်သက် အလေးပြုကြသည်။ ထိုသို့ လွမ်းသူ့ပန်းခွေချ အလေးပြုပြီးချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။



ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင် တို့

# မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မော်စကိုမြို့)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင် တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ပြောကြားရာတွင် –**

ချစ်ခင်မြတ်နိုးအပ်ပါသော သူငယ်ချင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ရုရှားနိုင်ငံမှာ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါတယ်၊ ရုရှား–မြန်မာဆက်ဆံရေးသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုအပေါ်တွင် အခြေခံနေပါတယ်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် တရားမျှတမှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းစေမှုတို့အပေါ်တွင် မူတည်ပါတယ်၊ ၁၉၅၀–၁၉၆၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံက လူမှုရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများအတွက် အကူအညီများစွာ ပေးခဲ့ပါတယ်၊ ဆိုဗီယက်ယူနီယံခေတ်က မြန်မာနိုင်ငံမှာ တည်ဆောက်ပေးခဲ့တဲ့ ကြီးမားတဲ့အခြေခံအဆောက်အအုံဖြစ်တဲ့ ဆေးရုံ၊ တက္ကသိုလ်တွေဟာ ယနေ့အထိ မြန်မာပြည်သူများကို အကျိုးပြုလျက်ရှိတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ အဓိကအနေဖြင့် လက်ရှိအချိန်အထိ ရုရှား–မြန်မာ ဆက်ဆံရေးသည် တိုးတက်ခိုင်မာလျက်ရှိသည်ကို ပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအစိုးရ အချင်းချင်း ဆက်သွယ်မှုများ များစွာရှိပါတယ်၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအချင်းချင်း စနစ်တကျ ဆက်သွယ်ဆက်ဆံမှုများ ဆောင်ရွက်နေပါတယ်၊ လုံခြုံရေးကောင်စီအကြား၊ ပါလီမန်များအကြား၊ ပါတီများအကြား တွေ့ဆုံဆွေးနွေးမှုများလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် စီမံကိန်းများစွာကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဒီနေ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်း ဒီနေ့ဆွေးနွေးနိုင်ခဲ့ပါတယ်၊ ရုရှား–မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ဌာနများအချင်းချင်းအကြား သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်၊ ဆက်လက်ပြီး စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံအကြား ယုံကြည်မှုရှိတဲ့ ခိုင်မာတဲ့ ငွေပေးချေမှုစနစ်ရှိပါတယ်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ စွမ်းအင်ကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံ စီမံကိန်းများရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်၊ မြန်မာနိုင်ငံကို ရုရှားက LNG တင်ပို့ဖို့ အလားအလာများစွာ ရှိပါတယ်၊ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေးအပါအဝင် အခြားနိုင်ငံများကိုလည်း တင်ပို့လို့ရပါတယ်၊ အရင်နှစ်က မြန်မာနိုင်ငံမှာ အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်၊ ဒီစီမံကိန်းက နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းလည်း ဖြစ်ပါတယ်၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာလည်း စီမံကိန်းအများအပြား ဆောင်ရွက်ဖို့ အလားအလာရှိပါတယ်၊ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ သံမဏိစက်ရုံ၊ မြေသြဇာစက်ရုံလည်း တည်ဆောက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်ပိုင်းတွင်လည်း ရေနက်ဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းကိုဆွေးနွေးနေပါတယ်၊ High–Tech နယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးနေပါတယ်၊ မြန်မာနိုင်ငံရဲ့ Digital နယ်ပယ်၊ Cyber Security အစရှိတဲ့ High–Tech နယ်ပယ်မှာ ရုရှားကုမ္ပဏီများရဲ့ အဆိုပြုချက် အစီအစဉ်အများအပြား ရှိပါတယ်။

အာကာသပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၂၅ ခုနှစ်က နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနယ်ပယ်များမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကလည်း နှစ်နိုင်ငံအတွက် အရေးကြီးတဲ့နယ်ပယ်ဖြစ်ပါတယ်၊ နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့်စနစ်ဖြင့် သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန် သွားလာနေကြပါတယ်၊ ဗလာဒီဗော့စတော့မြို့မှာ ရုရှားဆိုင်ရာ မြန်မာကောင်စစ်ဝန်ရုံး မကြာမီဖွင့်လှစ်တော့မှာဖြစ်ပါတယ်၊ ဒါ့အပြင် Altai, Kaluga, Moscow ပြည်နယ်များတွင်လည်း မြန်မာယဉ်ကျေးမှုဘာသာရေး Center ဖွင့်လှစ်ထားပါတယ်။

မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့မှာ ရုရှား Orthodox ခရစ်ယာန်ဘုရားကျောင်းဆောက်ဖို့ အတည်ပြုထားပါတယ်၊ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို စိတ်ဝင်စားမှု မြင့်တက်လာတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်၊ ရုရှားဘာသာစကားကို ရန်ကုန်၊ မန္တလေးတက္ကသိုလ်တွေမှာ သင်ကြားပေးနေပြီး တပ်မတော်အကယ်ဒမီမှာလည်း သင်ကြားပေးနေပါတယ်။

မြန်မာနိုင်ငံက ရုရှားဆီက ပရိုဂရမ်ကို ပါဝင်ဖို့အစီအစဉ်ရှိပါတယ်။ အခု ရုရှားတက္ကသိုလ်မှာ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း အယောက် ၄၀၀ ရှိပါတယ်။ ရုရှားတက္ကသိုလ်ကနေ အောင်မြင်ပြီးတဲ့ မြန်မာကျောင်းသား ကျောင်းသူကတော့ ၁၇၀၀၀ ဖြစ်ပါတယ်။ နိုင်ငံတကာကိစ္စရပ်များအတွက် ရုရှားနဲ့မြန်မာရဲ့ထင်မြင်ချက်က အလွန်နီးကပ်ပါတယ်။ ရုရှား–မြန်မာက နိုင်ငံတကာအဖွဲ့တွေ ကာကွယ်ရေးဆိုင်ရာနဲ့ ပြည်တွင်းရေးစွက်ဖက်မှုတွေအတွက် အချိန်တိုင်းကန့်ကွက်နေပါတယ်။ ရုရှား–မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုက ကောင်းစွာတိုးတက်နေပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရုရှား–မြန်မာ စစ်ဘက်လေ့ကျင့်မှု မကြာခဏဆောင်ရွက်နေပါတယ်။ ရုရှားရေတပ်သင်္ဘောတွေ မြန်မာပြည်ကို မကြာခဏလာရောက်ခဲ့ပါတယ်။ ဒီနေ့လာရောက်တဲ့ သမ္မတကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုပါတယ်လို့ ပြောချင်ပါတယ်။ သမ္မတကြီး ဦးမင်းအောင်လှိုင်က ရုရှားရောက်တဲ့အချိန်မှာ အစီအစဉ်တွေ အများအပြားရှိပါတယ်။ ရုရှားဝန်ကြီးချုပ်၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံမှုအပြင် အခြားဌာနတွေနဲ့ တွေ့ဆုံဖို့ အများကြီးရှိနေပါတယ်။ ဒါ့အပြင် အဆွေတော် ဦးမင်းအောင်လှိုင်က ဒူးမားပြည်နယ်ကိုလည်း ခရီးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒူးမားပြည်နယ်က ရုရှားရဲ့ ဗုဒ္ဓဘာသာနယ်မြေတစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးမှုသည် ရုရှား–မြန်မာ ပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးအတွက် အထောက်အကူများစွာ ပေးမယ်လို့ မျှော်လင့်ပါတယ်။ လေးစားအပ်သော လူကြီးမင်းများကို ကြိုဆိုပါတယ်။

**အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါခင်ဗျာ –**

ကျွန်တော့်အနေနဲ့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာ ပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို တရားဝင်ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အစောဆုံးသံတမန်ဆက်ဆံရေး ထူထောင်ခဲ့တဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ မိတ်ဆွေရင်း၊ မိတ်ဆွေစစ် နိုင်ငံတွေဖြစ်ကြပြီး အပြန်အလှန် နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာ – ရုရှား ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီပဲဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုဟာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ဖို့အတွက်လည်း အဓိကတွန်းအားတစ်ရပ်ဖြစ်ပါတယ်။ သမ္မတကြီး ပူတင်နဲ့ ကျွန်တော်တို့ ယနေ့တွေ့ဆုံမှုဟာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားဖို့အတွက် ကြီးမားတဲ့အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားတဲ့ ကိစ္စရပ်တွေ၊ သဘောတူညီချက်တွေအပေါ် အကောင်အထည်ဖော်မှုအခြေအနေနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ကာ ရရှိပြီးတဲ့တိုးတက်မှုတွေကို ထိန်းသိမ်းသွားဖို့နဲ့ ဆက်လက်တိုးမြှင့်သွားဖို့အတွက်လည်း ဆွေးနွေးသဘောတူညီနိုင်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနဲ့ ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်လို့ ကျွန်တော်တို့ အစိုးရနှစ်ရပ်အကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ယခုနှစ်၊ ဇန်နဝါရီလအတွင်းက စတင်အသက်ဝင်ခဲ့ပြီးဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်မယ့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ယခုခရီးစဉ်အတွင်းမှာ သဘောတူစာချုပ်/ နားလည်မှု စာချွန်လွှာ (၁၂) ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ကဏ္ဍပေါင်းစုံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွေ ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြတဲ့ နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေအပေါ်မှာလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်မှာလည်း မိမိတို့နှစ်နိုင်ငံဟာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ ဆွေးနွေးသဘောတူခဲ့ကြပါတယ်။

**သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ–**

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာ ကျတဲ့နေရာမှာ တည်ရှိတဲ့နိုင်ငံဖြစ်တဲ့အပြင် အနီးအနားမှာလည်း ကြီးမားတဲ့ဈေးကွက်ကြီးရှိသလို သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတဲ့နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားသာမက ကောင်းမွန်ပြီး သမျှတတဲ့ ရာသီဥတုလည်း ရှိပါတယ်။ ဒါ့အပြင် မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်ခုလည်း ရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ရုရှားနိုင်ငံရဲ့ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးမှတစ်ဆင့် ထပ်မံဖိတ်ခေါ်လိုပါတယ်။ မနက်ဖြန်မှာလည်း မြန်မာနဲ့ ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တစ်ခုကိုလည်း ကျင်းပပြုလုပ်သွားဖို့ ရှိပါတယ်။

**သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ –**

မိမိတို့နိုင်ငံနဲ့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာစေဖို့အတွက် မိမိအနေနဲ့ သမ္မတကြီး ပူတင်၊ ရုရှားအစိုးရနဲ့ ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့ ထပ်လောင်းဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

## နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool နှင့် လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ဒူးမားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဥပဒေပြုရေး မဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုများဆောင်ရွက်ရာတွင် သာတူညီမျှမှု၊ အပြန်အလှန် လေးစားမှု၊ ပြည်တွင်းရေး မစွက်ဖက်မှုများကိုအခြေခံပြီး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လွှတ်တော်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်၍ အတွေ့အကြုံများ ဖလှယ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက် တင်မြှောက်ထားသည့် အစိုးရမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမှု အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်မြင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin က ကြိုဆိုနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ဒူးမားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ရွှေဖုံးမှ*

အလားတူ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရွှေဘိုပေါ်ဆန်း (၂၄ ပြည် ၁၀၈ ပေါင်) တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် ရောဝတီပေါ်ဆန်း (၂၄ ပြည် ၁၀၈ ပေါင်) တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည့် (Home Delivery) စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါစနစ်အား K Pay ဖြင့် ငွေဝင်ရောက်ပြီးပါက ငါးရက်အတွင်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည်ဖြစ်ကာ Viber ဖုန်းနံပါတ် ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ နှင့် Email: sales@mrf.com.mm တို့မှတစ်ဆင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ယခုနှစ် နွေစပါးရာသီနှင့် ယခင်နှစ် မိုးစပါးရာသီကထွက်ရှိသည့် စပါးဟောင်း၊ ဆန်ဟောင်းများကို ကြိတ်ခွဲထုတ်လုပ်ကာ သိုလှောင်ဖြန့်ဖြူးရောင်းချပေးနေပြီး ယခုနှစ်ကုန်အထိ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ကို အခက်အခဲမရှိ ဖူလုံလောက်ငစွာ ထုတ်လုပ်ရောင်းချပေးနိုင်သည်ဟု အသင်းချုပ်က ပြောသည်။

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် စားသုံးသူပြည်သူများ စိုးရိမ်ပူပန်စိတ်များမဖြစ်စေရန်၊ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ဆန်စက်များ၊ ကုမ္ပဏီများနှင့် ဆန်ကုန်သည်/ပွဲရုံများ၊ လက်လီလက်ကားဆန်အရောင်းဆိုင်များအနေဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စွာဖြင့် ရောင်းချပေးရန် မေတ္တာရပ်ခံထားသည်။

**TMK**

---

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ဩဂုတ် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် တွေ့ဆုံ

## နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော် အစည်းအဝေးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မည်**

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အာရှ၊ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသ အတွက် အရေးပါသည့် မိတ်ဖက် မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

**နားလည်ယုံကြည်စွာ ဆွေးနွေးနိုင်မည်**

ယင်းနောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၁၄ ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံး နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ် ဖြစ်ပါကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ရှည်လျားကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများရှိကာ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားတန်ဖိုးထားမှုများကို ခိုင်မာစွာ ဖော်ညွှန်းပြသလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအကျိုးအတွက် ခိုင်ခိုင်မာမာထောက်ခံရပ်တည်ပေးလျက် ရှိသကဲ့သို့ မြန်မာနိုင်ငံ အနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် အာဆီယံ အပါအဝင် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးများ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံဗဟိုအစိုးရများ၏ ကောင်းမွန်သော ဆက်ဆံရေးသာမက ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ်များနှင့်လည်း ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်လာနိုင်ပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒီဂျစ်တယ် နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့်ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ။

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေး အပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ အစိုးရတို့အကြား **“ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်”** ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသသိပ္ပံနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းရွေးချယ် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ဂြိုဟ်တုနှင့် အာကာသ နည်းပညာများကို စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးအပါအဝင် အခြားလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးချနိုင်ရန်အတွက် မြန်မာအာကာသအေဂျင်စီက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရှိ အာကာသအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ အသေးစား နျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု အပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင် ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးနှင့် ရေထွက်ပစ္စည်းများ ယခုထက် ပိုမိုတင်ပို့နိုင်ရေး အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခုကာလဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန်နှင့် ဇူလိုင်လများအတွင်း တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုအခြေအနေ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ နယ်စပ်စစ်ဆေးရေးဂိတ်များ စည်းကမ်းစနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်စည်ပို့ဆောင်နေမှုများအပေါ် ဥပဒေနှင့်အညီ တားဆီးစစ်ဆေး အရေးယူနိုင်ရန်ကိစ္စရပ်များ၊ ကုန်သွယ်မှုလမ်းကြောင်းများ တစ်လျှောက် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် လက်ရှိအသုံးပြုနေသည့် ကုန်သေတ္တာ E-Lock စနစ်ကို ကုန်သွယ်မှုလမ်းကြောင်းအားလုံး အသုံးပြုနိုင်ရေးဆောင်ရွက်ရန် ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယခင်ဦးဆောင်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်တို့က ဝန်ကြီးဌာနအလိုက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**လိုအပ်သည်များမှာကြား**

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို မှာကြားဖြည့်စွက် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ





ပုသိမ် ဩဂုတ် ၁၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရှိ Banquet Hall ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များအပေါ်မူတည်၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်သည် မဏ္ဍိုင်အသီးသီးတွင် ဦးစီး၊ ဦးဆောင်ပြုမည့်သူများအား ရွေးချယ်ပေးခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းညှိဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူ့ဆန္ဒများကိုဖော်ဆောင်ပေးရသည့် ကြားခံမဏ္ဍိုင်တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ရသည့်သူများ ဖြစ်သည့်အတွက် မြင့်မြတ်သည့်တာဝန်ကို ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စေရန်မှာ လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၏ စွမ်းဆောင်ချက်များအပေါ် မူတည်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်အတွက် အဓိကကျသည့် မဏ္ဍိုင်များပင် ဖြစ်ပါကြောင်း။

လွှတ်တော်၏ အခန်းကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် မဟာဗျူဟာစီမံချက်များချမှတ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် သီးခြားသတ်မှတ်၍ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူထုလူတန်းစားအသီးသီးက လွှတ်တော်ကို ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ ထိတွေ့နိုင်ရေးအတွက် လွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်း နည်းလမ်းများ၊ အွန်လိုင်းမီဒီယာ၊ printed media နည်းလမ်းများကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏ တံခါးဖွင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်အနေဖြင့် open parliament day သတ်မှတ်ပြီး ကျောင်းသား လူငယ်များ၊ အဖွဲ့အစည်းအသီးသီးမှပြည်သူများ လွတ်လပ်စွာ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ လူငယ်အဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာ အဖွဲ့အစည်းများအနေဖြင့် လွှတ်တော်သို့ လာရောက်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Join Parliament အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်ကို ပြည်သူများသိရှိလာပြီး ပြည်သူပိုမိုယုံကြည်အားကိုးသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်သည့် ကာလတွင် လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ပြီး အရှေ့တစ်ခုသို့ ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ကျယ်ပြန့်စွာ စဉ်းစားပြီး လွှတ်တော်အတွင်းမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုရေးအတွက် လိုအပ်သောအချက်အလက် အထောက်အထားများနှင့် ကောင်းမွန်သော အကြံပြုချက်များရရှိလာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအား လွှတ်တော်အနေဖြင့် ထဲထဲဝင်ဝင် လေ့လာသုံးသပ် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ပြီးပြည့်စုံသော လွှတ်တော်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်၏ တတိယအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ်နေသည့် ကိစ္စရပ်များအား တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသည့်ရေးရာများ၊ ကော်မတီများ၏ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**သတင်းစဉ်**



* *ရှေ့ဖုံးမှ*

ယနေ့ ညနေပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ရှိသူက စပျစ်ပျိုးပင်များ ကိုင်းဆက်နေမှုကို လက်တွေ့သရုပ်ပြသသည်။

ဆက်လက်၍ စပျစ်ပင်များ စိုက်ပျိုးထားရှိမှု၊ စပျစ်ဝိုင်ထုတ်လုပ်သည့် စက်ရုံ၊ စပျစ်ဝိုင်သိုလှောင်ထားသည့်စက်ရုံနှင့် စပျစ်ဝိုင်များ ပုလင်းအတွင်းထည့်ပြီး ထွက်ရှိလာသည့် စပျစ်ဝိုင်ကုန်ချောများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# ဒဂုံမြို့သစ်ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာ ကော်မတီနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းက အမှာစကားပြောကြားပြီး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါက်တာ ရွှေပြည်စိုးက ကော်မတီအနေဖြင့် တရားဥပဒေ စိုးမိုးရေးအတွက် အစိုးရနှင့်ပြည်သူအကြား၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက မိတ်ဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**ဖြိုးစန္ဒာ**
**(ဆိပ်ကမ်း)**

ပညာရဲရင့် ပွဲလယ်တင့် ❖ ပညာရွှေအိုး လူမခိုး

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယကနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝိုင်းမော်မြို့နယ် အခြေစိုက် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယက ဦးဘီထောဇောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၁၈**

အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစား ဖွံ့ဖြိုးမှု စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ




အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန်လဲလှယ်ကာ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကူညီထောက်ပံ့ပေးရေးပစ္စည်းများ ထားရှိရန် (၁၃၀x၃၀x၂၄) ပေ RC နှစ်ထပ်သိုလှောင်ရုံ တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အထောက်အကူပြုစေမည့်ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအတွက် အရေးပေါ် လိုအပ်ချက်ပစ္စည်းများ သိုလှောင်ထားရှိပြီး လိုအပ်မှုရှိတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဟဲဟိုး)အား ကောလိပ်အဆင့် မြှင့်တင်မည်

**နေပြည်တော် ဩဂုတ် ၁၈**

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟဲဟိုး) အား ကောလိပ်အဆင့်မြှင့်တင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အပိုင်းက အဆောက်အအုံနှင့် အခြားလိုအပ်ချက်များ၊ ဆရာ ဆရာမများအတွက် မွမ်းမံသင်တန်းများ စီမံဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ဆရာ ဆရာမများ အပိုင်းကလည်း ကောလိပ်အဆင့်နှင့်လျော်ညီသော သင်ကြားရေး လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာအသစ်များကို စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာပြီး တပည့်များ စံပြုအားထားရသည့် ဆရာ ဆရာမများအဖြစ် ရပ်တည်သွားကြ စေလိုကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟဲဟိုးနှင့် ဒီမောဆို) ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ယမန်နေ့က သမူဟခန်းမ၌ တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး စာသင်ဆောင်များ၊ ဆရာ ဆရာမ အဆောင်များနှင့် ကျောင်းသားကျောင်းသူအဆောင်များ၊ စားရိပ်သာနှင့် မွေးမြူရေးဘာသာရပ် လက်တွေ့သင်ကြားရေးအဆောင်များ၊ လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့ပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ဟဲဟိုးနှင့် ဒီမောဆို) ကျောင်းများမှ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းဆင်းပြီးနောက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၌ ဘွဲ့ကြိုဘွဲ့လွန်နှင့် ပါရဂူတန်းအထိ ပေါက်မြောက်အောင် ဆက်လက်လေ့လာသင်ယူသွားကြရန်၊ မိမိသင်ယူ တတ်မြောက်ထားသော



ပညာဂုဏ်သိက္ခာနှင့် လျော်ညီသည့် လုပ်ငန်းခွင်ကို ရွေးချယ်ကြရန်၊ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ကျင့်ဝတ်သိက္ခာယိုယွင်းမှု မရှိစေဘဲ ခြိုးခြံချွေတာ၍ ရိုးသားစွာကြိုးစားပြီး မိမိဘဝတက်လမ်း အောင်မြင်မှုရရှိအောင် ကြိုးပမ်းသွားကြရန် အားပေးမှာကြားသည်။

ညနေပိုင်းတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေနှင့် အတူ စိုက်ပျိုးရေးဦးစီးဌာန၏ ဟဲဟိုးခြံသို့ သွားရောက်၍ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ကော်ဖီ၊ စတော်ဘယ်ရီပျိုးပင်များ၊ အာလူး၊ နေကြာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ မျိုးအာလူးများ မျိုးထုတ်လုပ် စမ်းသပ်စိုက်ပျိုးထားရှိမှု၊ ပိုးစာခြံတွင် ပိုးစာပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ပိုးမွေးမြူရန် အကြိုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မကွေး၌ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၆ ခုနှစ် အားကစားနှင့် ကာယပညာ



ကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာ ကျောင်းပေါင်းစုံနှင့် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကသင် အခြေခံပညာကျောင်းများမှ အသက် ၁၆ နှစ်အောက်နှင့် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက တောင်တွင်းကြီးမြို့နယ် ရန်ပယ်အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် အထက(ခွဲ) ဇီတောဘောလုံးအသင်းနှင့် အထက(ခွဲ)ချောင်းနက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး အထက(ခွဲ)ဇီတောဘောလုံးအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်စင်က အမှာစကားပြောကြားပြီး အသက် ၁၈ နှစ်အောက် Excellent team အဖြစ် အထက (ဆတ်သွား) အသင်းအား ဆုကလပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ပထမဆုရရှိသော UAZL ကိုယ်ပိုင်အထက်တန်းကျောင်းအသင်း၊ ဒုတိယဆုရရှိသော အထက (ဆတ်သွား) ဘောလုံးအသင်းနှင့် ပူးတွဲတတိယဆုရရှိသော အထက(ကုက္ကိုခွ)နှင့် RMEC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ကို ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အသက် ၁၆ နှစ်အောက်အကောင်းဆုံးအားကစားသမားဆုများနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိအသင်းများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။ မြို့နယ်(ပြန်/ဆက်)

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဂျုံကိုစိုက်ပါ၊ ဂျုံကိုစားပါ - ကျန်းမာသောပြည်သူ၊ ကြွယ်ဝသောနိုင်ငံဆီသို့

ဉာဏ်သစ်

“ဂျုံကိုစိုက်ပါ၊ ဂျုံကိုစားပါ၊ ဂျုံကိုစားလျှင် အားထက်သန်မာ” ဟူသော စကားက မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကျောင်းစာအုပ်များ၊ စိုက်ပျိုးရေးပညာပေးအစီအစဉ်များတွင် အသုံးပြုခဲ့သော ဤစကားသည် သီးနှံတစ်မျိုးကို စိုက်ပျိုးရန် တိုက်တွန်းချက်သာ မဟုတ်ပေ။ ယင်းတွင် ကျန်းမာသောပြည်သူ၊ အားကောင်းသော လူ့စွမ်းအားအရင်းအမြစ်၊ အစားအစာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းထားသည့် အမျိုးသားအမြင်တစ်ရပ် ကိန်းအောင်းလျက်ရှိသည်။

ယနေ့ကမ္ဘာသည် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာ့ကုန်စည်ဈေးကွက် မတည်ငြိမ်မှုနှင့် အစားအစာဖူလုံရေးစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စားရေရိက္ခာထုတ်လုပ်ရေးတစ်ခုတည်းသာ မဟုတ်တော့ဘဲ အမျိုးသားလုံခြုံရေး၏ အခြေခံမဏ္ဍိုင်တစ်ရပ်အဖြစ် ပိုမိုထင်ရှားလာသည်။ **“ဂျုံကိုစိုက်ပါ၊ ဂျုံကိုစားပါ”**ဟူသော ဆိုရိုးသည် ယနေ့ခေတ်၏ ဖွံ့ဖြိုးရေးအတွေးအခေါ်နှင့်လည်း အံဝင်ခွင်ကျဖြစ်နေဆဲဖြစ်သည်။

**ကမ္ဘာ့အခြေခံစားရေရိက္ခာစနစ်တွင် ဂျုံ၏အရေးပါမှု**

ထို့ကြောင့် ဂျုံသည် စားရေရိက္ခာသီးနှံတစ်မျိုးထက် ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ရှိလာသည်။ စိုက်ပျိုးရေး၊ အစားအသောက်စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အပြန်အလှန်ချိတ်ဆက်ပေးနိုင်သည့် စီးပွားရေးသီးနှံတစ်မျိုးအဖြစ် နိုင်ငံအသီးသီးက အရေးထားဖွံ့ဖြိုးလျက်ရှိသည်။

ထုတ်လုပ်မှုနှင့် စားသုံးမှုကို မျှတစွာ စီမံခန့်ခွဲနိုင်သော နိုင်ငံများသည် အစားအစာ လုံခြုံရေးကို ပိုမိုခိုင်မာစေရုံသာမက စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် အလုပ်အကိုင်များ ဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကိုလည်း အားပေးနိုင်ကြသည်။ ယင်းသည် ဂျုံကို စိုက်ပျိုးရေးသီးနှံတစ်မျိုးအဖြစ်သာ မမြင်ဘဲ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၏ မဟာဗျူဟာမြောက် အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်လာကြသည့် အကြောင်းရင်းဖြစ်သည်။

**ကမ္ဘာ့စားရေရိက္ခာစနစ်နှင့် မြန်မာ့လူမှုဘဝ**

လူသားတို့၏ စားရေရိက္ခာသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ဂျုံသည် ဆန်နှင့် ပြောင်းတို့နှင့်အတူ ကမ္ဘာ့အရေးအပါဆုံးအခြေခံစားရေရိက္ခာသီးနှံသုံးမျိုးအနက် တစ်မျိုးဖြစ်ကြောင်း တွေ့ရသည်။ ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာသည် နေ့စဉ်စားသုံးသည့် ပေါင်မုန့်၊ ခေါက်ဆွဲ၊ ဘီစကွတ်၊ ကိတ်မုန့်၊ စီရီယယ်နှင့် အခြားအစားအသောက်ထုတ်ကုန်များအတွက် အခြေခံကုန်ကြမ်းဖြစ်သော ဂျုံသည် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးကဏ္ဍများကို ချိတ်ဆက်ပေးနိုင်သည့်စီးပွားရေးသီးနှံတစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံသည် စပါးစိုက်ပျိုးရေးဖြင့် ကျော်ကြားသော်လည်း ဂျုံအခြေခံအစားအစာများ၏ အရေးပါမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိသည်။ နံနက်ခင်းတိုင်း လက်ဖက်ရည်ဆိုင်များတွင် နံပြား၊ ပလာတာ၊ ပေါင်မုန့်နှင့် ရှမ်းခေါက်ဆွဲတို့ကို တွေ့မြင်နေရသည်။ ကျောင်းသားများနှင့် ရုံးဝန်ထမ်းများ၏ နံနက်စာများတွင်လည်း ဂျုံမှုန့်ထုတ်ကုန်များသည် အဓိကနေရာမှ ပါဝင်

> ❝ ဂျုံ၏အစွမ်းသတ္တိမှာ ယင်း၏တန်ဖိုးကွင်းဆက်တွင် တည်ရှိသည်။ လယ်မှထွက်သော ဂျုံစေ့များကို ကြိတ်ခွဲစက်ရုံများတွင် ဂျုံမှုန့်အဖြစ်လည်းကောင်း၊ ထိုမှတစ်ဆင့် ပေါင်မုန့်၊ ခေါက်ဆွဲ၊ ဘီစကွတ်နှင့် အသင့်စားအစားအစာများအဖြစ် လည်းကောင်း ဆက်လက်ထုတ်လုပ်နိုင်သည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်တွင် ကြိတ်ခွဲရေး၊ ထုပ်ပိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည်။ ထို့ကြောင့် ဂျုံကဏ္ဍဖွံ့ဖြိုးခြင်းသည် တောင်သူများအတွက်သာမက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် လူငယ်စွန့်ဦးတီထွင်မှုအတွက်ပါ အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင် ❞

လျက်ရှိသည်။ ထို့ကြောင့် ဂျုံသည် မြန်မာ့အစားအသောက်ယဉ်ကျေးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အခိုင်အမာ နေရာယူလာပြီဖြစ်သည်။

ထို့ကြောင့် ဂျုံသည် စားရေရိက္ခာသီးနှံတစ်မျိုးထက် ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ရှိလာသည်။ စိုက်ပျိုးရေး၊ အစားအသောက်စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အပြန်အလှန်ချိတ်ဆက်ပေးနိုင်သည့် စီးပွားရေး သီးနှံတစ်မျိုးအဖြစ် နိုင်ငံအသီးသီးက အရေးထား ဖွံ့ဖြိုးလျက်ရှိသည်။

ထုတ်လုပ်မှုနှင့် စားသုံးမှုကို မျှတစွာ စီမံခန့်ခွဲနိုင်သော နိုင်ငံများသည် အစားအစာလုံခြုံရေးကို ပိုမိုခိုင်မာစေရုံသာမက စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် အလုပ်အကိုင်များ ဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကိုလည်း အားပေးနိုင်ကြသည်။ ယင်းသည် ဂျုံကို စိုက်ပျိုးရေးသီးနှံတစ်မျိုးအဖြစ်သာ မမြင်ဘဲ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၏ မဟာဗျူဟာမြောက် အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်လာကြသည့် အကြောင်းရင်းဖြစ်သည်။

**“ဂျုံကိုစားလျှင် အားထက်သန်မာ”**

**“ဂျုံကိုစားလျှင် အားထက်သန်မာ”** ဟူသော ဆိုရိုးသည် ခေတ်သစ်အာဟာရ သိပ္ပံနှင့်လည်း ကိုက်ညီနေသည်။ ဂျုံတွင် ကာဗိုဟိုက်ဒရိတ်၊ အပင်ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီအုပ်စုနှင့် သံဓာတ်၊ ဇင့်ဓာတ်တို့ ကြွယ်ဝစွာပါဝင်သည်။ အထူးသဖြင့် ဂျုံစေ့အနှစ် (Wheat Germ) ပါဝင်သော အစားအစာများသည် ကိုယ်ခံအားကို အားပေးပြီး ကျန်းမာသော ကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်။

သို့သော် ကျန်းမာရေးအတွက် အကျိုးရှိစေရန် ဂျုံကို ဟင်းသီးဟင်းရွက်၊ ပဲ၊ အသားနှင့် သစ်သီးဝလံများဖြင့် မျှတစွာ တွဲဖက်စားသုံးရန် လိုအပ်ကြောင်းကိုလည်း သတိပြုသင့်သည်။ ဤဆိုရိုးသည် အာဟာရပြည့်ဝသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးအတွက် ယနေ့တိုင် အဓိပ္ပာယ်ပြည့်ဝဆဲဖြစ်သည်။

**မြန်မာ့ဂျုံစိုက်ပျိုးရေး၏ လက်ရှိအခြေအနေနှင့် စိန်ခေါ်မှု**

မြန်မာနိုင်ငံ၏ ဂျုံစိုက်ပျိုးဧရိယာမှာ ဟက်တာ ၅၀၀၀၀ ခန့် (ဧက ၁၂၃,၅၀၀ ကျော်) ရှိပြီး နှစ်စဉ် ဂျုံမက်ထရစ်တန် ၇၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဟက်တာလျှင် ၁ ဒသမ ၄ တန်ခန့်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့က အဓိက ထုတ်လုပ်ရာဒေသများဖြစ်သည်။ ဆန်ရိတ်သိမ်းပြီးနောက် စိုက်ပျိုးနိုင်သော ဤသီးနှံသည် မြေယာအသုံးချမှုကို ထိရောက်စေပြီး တောင်သူများ၏ ဝင်ငွေတိုးရေးကို အထောက်အကူပြုသည်။

သို့သော် ပြည်တွင်းစားသုံးမှုမှာ မက်ထရစ်တန် ၅၂၀၀၀၀ ခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန် ၇၀၀၀၀ သာရှိသဖြင့် ကျန်လိုအပ်ချက်တန် ၄၅၀၀၀၀ ကို ပြည်ပမှ တင်သွင်းနေရဆဲဖြစ်သည်။ ဤကွာဟချက်သည် နိုင်ငံခြားငွေသုံးစွဲမှု မြင့်မားစေရုံသာမက ကမ္ဘာ့ဈေးကွက် အတက်အကျဒဏ်ကိုလည်း ပိုမိုခံစားရစေသည်။

**သွင်းကုန်အစားထိုးရေးနှင့် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေး**

ပြည်တွင်းဂျုံထုတ်လုပ်မှု တိုးမြှင့်နိုင်ခြင်းသည် သွင်းကုန်အစားထိုးရေး၏ အဓိက ဗျူဟာတစ်ခုဖြစ်သည်။ သို့ရာတွင် ယင်းသည် စိုက်ဧက တိုးချဲ့ခြင်းတစ်ခုတည်းကို မဆိုလိုပါ။ အထွက်နှုန်းမြှင့်တင်ရေး၊ အရည်အသွေးကောင်းမျိုးစေ့များ အသုံးပြုရေး၊ ရေသွင်းစနစ်နှင့် စက်မှုလယ်ယာနည်းပညာများ တိုးတက်လာရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်သည်။

**ဂျုံ၏ အစွမ်းသတ္တိမှာ ယင်း၏ တန်ဖိုးကွင်းဆက်**

တွင် တည်ရှိသည်။ လယ်မှ ထွက်သော ဂျုံစေ့များကို ကြိတ်ခွဲစက်ရုံများတွင် ဂျုံမှုန့်အဖြစ်လည်းကောင်း၊ ထိုမှတစ်ဆင့် ပေါင်မုန့်၊ ခေါက်ဆွဲ၊ ဘီစကွတ်နှင့် အသင့်စား အစားအစာများအဖြစ် လည်းကောင်း ဆက်လက်ထုတ်လုပ်နိုင်သည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်တွင် ကြိတ်ခွဲရေး၊ ထုပ်ပိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည်။ ထို့ကြောင့် ဂျုံကဏ္ဍ ဖွံ့ဖြိုးခြင်းသည် တောင်သူများအတွက်သာမက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် လူငယ်စွန့်ဦးတီထွင်မှုအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။

**ရေရှည်တည်တံ့သော အနာဂတ်**

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့စိုက်ပျိုးရေး၏ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်လာသည့်အတွက် မြန်မာ့ဂျုံစိုက်ပျိုးရေးကို Climate-smart Agriculture နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည်။ ရေချွေတာသော နည်းစနစ်များ၊ မိုးခေါင်ဒဏ်ခံနိုင်သော မျိုးကောင်းများနှင့် မြေဆီလွှာထိန်းသိမ်းရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုတည်ငြိမ်စေနိုင်မည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် တောင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရမည်။ ပြည်တွင်းလိုအပ်ချက်ကို အရည်အသွေးမြင့် ဂျုံဖြင့် ဖြည့်ဆည်းနိုင်ပါက သွင်းကုန်အပေါ် မှီခိုမှုလျော့ကျကာ နိုင်ငံခြားငွေကို ချွေတာနိုင်မည်ဖြစ်သည်။ ရေရှည်တွင် အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီသော မြန်မာ့ဂျုံထုတ်ကုန်များသည် ဒေသတွင်း ဈေးကွက်များသို့ တင်ပို့နိုင်သည့် အလားအလာကောင်းများလည်း ရှိနေသည်။

ဆိုရိုးစကားတစ်ခု၏ တန်ဖိုးသည် စကားလုံးများတွင်မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်မှုတွင် တည်ရှိသည်။ **“ဂျုံကိုစိုက်ပါ”** ဆိုသည်မှာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ **“ဂျုံကိုစားပါ”** ဆိုသည်မှာ ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ခြင်းဖြစ်သည်။ “ဂျုံကိုစားလျှင် အားထက်သန်မာ” ဆိုသည်မှာ အားကောင်းသော ပြည်သူများ၏လက်ရုံးဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အားဖြည့်ကာ ကြွယ်ဝချမ်းသာသော အနာဂတ်မြန်မာနိုင်ငံကို တည်ဆောက်နိုင်ကြောင်း သတိပေးနေခြင်းဖြစ်သည်။

ထို့ကြောင့် ဂျုံစိုက်ပျိုးရေးကို သိပ္ပံနည်းကျ စီမံခန့်ခွဲမှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ဖြင့် မြှင့်တင်နိုင်ပါက ဂျုံသည် အစားအစာတစ်မျိုးမျှသာ မဟုတ်တော့ဘဲ ကျန်းမာသော ပြည်သူ၊ ခံနိုင်ရည်ရှိသော စီးပွားရေးနှင့် ကြွယ်ဝချမ်းသာသော နိုင်ငံတော်တည်ဆောက်ရေး၏ အဓိက အင်အားစုအဖြစ် ဆက်လက်ရပ်တည်နေမည်မှာ သေချာလှပေသည်။ ။

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ယမန်နေ့က ဉာဏ်ချောင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြတ်သူနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ မပြန့်ပွားစေရန်အတွက် ဆေးတိုက်ကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ရေစည်၊ ရေအိုးများကို ဖုံး/သွန်/လဲ/စစ် ပြုလုပ်ခြင်း အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟန်နီ(ပြန်/ဆက်)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် လှည်းကူးမြို့နယ်မှ ကျေးရွာများအတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ စီ ပေးအပ်



**နေပြည်တော် ဩဂုတ် ၁၈**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် လှည်းကူးမြို့နယ်မှ ဝါးနက်ကုန်း (မြောက်) ကျေးရွာ၊ အဝိုင်း(အထက်) ကျေးရွာနှင့် အင်းထားဝယ်ကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၅၀ စီ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် အလံဂပိုကျေးရွာအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၃၀၀၊ သက်တန့်ရောင်စီမံကိန်းစနစ်ကျသော အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးရေးဆောင်ရွက်မည့် ဟိုင်းကူးကျေးရွာ၊ ပိုက်ကြီးဝဲကျေးရွာနှင့် ငွေနံ့သာစံပြကျေးရွာတို့ကို မျိုးနှင့် သွင်းအားစုများ ဝယ်ယူနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၆၈၈ သိန်းတို့ကို ယနေ့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ စီမံကိန်းထောက်ပံ့ငွေများကို သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လှည်းကူးမြို့နယ် ရဲမွန်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်းအစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ထားသည့် ဦးစိုးနိုင်၏ နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် Fun Hwa နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ကျေးရွာဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

အဆိုပါခရီးစဉ်အတွင်း သမဝါယမကောလိပ် (ဖောင်ကြီး) ၌ ကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ လှည်းကူးခရိုင်အတွင်းမှ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများကို သွားရောက်တွေ့ဆုံအားပေးပြီး ကောလိပ်ဝင်းအတွင်းရှိ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

အားကစားရေးရာဝန်ကြီးဌာနနှင့် အတူ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပြီးခဲ့သည့်ရက်ပေါင်း ၁၀၀ အတွင်း Football For School အစီအစဉ်များကို Pilot Project တစ်ခုအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ မြို့မအားကစားကွင်းအား ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ဂိုးတိုင်၊ဂိုးပိုက်များ စနစ်တကျတပ်ဆင်ထားရှိစေရေးနှင့် အားကစားကွင်းအတွင်း အားကစားလှုပ်ရှားမှုများ လာရောက် လေ့ကျင့်ကစားနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းနှင့် အားကစားခန်းမ ကြမ်းခင်းအသစ်ပြန်လည်ခင်းကျင်းရန် ကြမ်းခင်းဟောင်းများ ခွာထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) သာယာဝတီမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်နှင့်အောက် မြို့နယ်ပညာရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကာ အားကစားသမားများအတွက် အားဖြည့်အချိုရည်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အားကစား ဆပ်ကော်မတီဝင်များက တိုင်းဒေသကြီး အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုက်ကြီးမြို့နယ် ဂျိုးဖြူ အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ပုံမှန်ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟေလုံကျန်းပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၃) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် (၈) ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ၂၀၂၇ ခုနှစ် ဇန်နဝါရီတွင် ကျင်းပမည့် တရုတ်နိုင်ငံ၏ ထင်ရှားကျော်ကြားသော ဟာဘင်ရေခဲပွဲတော်တွင် ရွှေတိဂုံဘုရားပုံတူရေးဆွဲ၍ ခင်းကျင်းတင်ပြမည့်ကိစ္စ၊ နှစ်နိုင်ငံ ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ သတင်း အချက်အလက်များကို အပြန်အလှန် ဖြန့်ဝေဆောင်ရွက်ထားရှိမှု၊ နှစ်နိုင်ငံ ခရီးသွားအေဂျင်စီများအကြား ချိတ်ဆက်မှု ပိုမို အားကောင်းစေရန်အတွက် ခရီးသွား မြှင့်တင်ရေးဆိုင်ရာ Forum များနှင့် Roadshow များ ကျင်းပ ဆောင်ရွက်သွားနိုင်ရေး ကိစ္စများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများနှင့် သက်မွေးပညာ ပူးပေါင်း ဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းကဏ္ဍအတွင်း တရုတ်နိုင်ငံသား လုပ်ငန်းရှင်များအား လာရောက် ရင်းနှီးမြှုပ်နှံနိုင်အောင် ဖိတ်ခေါ်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးစဉ်ရလဒ်များအပေါ် အခြေခံ၍ လာမည့်ကာလများတွင် နှစ်နိုင်ငံအကြား ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများအပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ဟေလုံကျန်းကုန်သည်ကြီးများ အသင်းချုပ်နာယက၊ မြန်မာ - တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**မင်းလှ ဩဂုတ် ၁၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကို မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မလွန်)၌ ယနေ့နံနက်က ပြုလုပ်ရာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုမှူးခ်ဦးအား ဗိုလ်မှူးချုပ်မျိုးမင်းသိမ်း၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇာခြည်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

# လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် စွမ်းအားပြည့်လုပ်ငန်း လည်ပတ်စေနိုင်ရန် အထူးကုဆရာဝန်ကြီးများပါဝင်သော ရွှေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၈

အကျုံးဝင်အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် ကုန်ထုတ်လုပ်ငန်း လည်ပတ်စေနိုင်ရန်အတွက် အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များပါဝင်သော ရွှေ့လျားဆေးကုသရေးအဖွဲ့ဖြင့် ယနေ့တွင် G & F(Myanmar) Garment Co., Ltd.(CMP) အထည်ချုပ်စက်ရုံရှိ အာမခံအလုပ်သမား ၁၆၈၈ ဦးကို လိုအပ်သောဆေးကုသမှုများ၊ ခုတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် ECG စက်ဖြင့် နှလုံးစစ်ဆေးခြင်းများ၊ မျက်စိစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကုသပေးနေခြင်းကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါစက်ရုံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၊ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်တို့နှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ လှည်းကူးမြို့နယ်ရှိ Garment & Process Global Co., Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်းများနှင့် စာချုပ်ဆေးခန်းများဖြင့် ဆေးကုသမှုဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများနှင့်အလှမ်းဝေးကွာသော စက်ရုံ၊ အလုပ်ဌာနများ၊ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ရန် အခက်အခဲရှိသူများကို ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ရည်ရွယ်၍ ရွှေ့လျားဆေးကုသယာဉ် လေးစီးဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခရီးစဉ်များရေးဆွဲကာ စက်ရုံ၊ အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အာမခံ အလုပ်သမားလူနာဦးရေ ၁၃၆၁၃၀ နှင့် ၄/၂၀၂၆ လမှ ၇/၂၀၂၆ လအထိ အာမခံအလုပ်သမားလူနာဦးရေ ၅၈၂၈၅ ဦးတို့အား စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၁၈

ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး Steel Sheet Pile ရိုက်သည့်စက်ရေယာဉ်တွဲများအပါအဝင် Jumbo Bags အား ကရိန်းအသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo-bags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့် လည်းကောင်း၊ မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ရေဝင်လမ်းကြောင်းပိတ်ဆို့မှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ လေးမျက်နှာမြို့နယ် သရက်ကန်ကျေးရွာ၌ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းဖေးမကူညီရင်း ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်အကူအညီများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး ရေဘေးရှောင်ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံ၍ ဟသ်ာတမြို့ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်က ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောပြီး ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယနေ့နံနက်ပိုင်းကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် Wilmar Myanmar (ဝေလ်မာမြန်မာ)လီမိတက်နှင့် National Infrastructure Holding ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ငွေကျပ် ၁၆၃၇ သိန်းကျော်တန်ဖိုးရှိ ခြုံစောင်အထည် ၁၀၀၀၊ ကုလားပဲ 30kg အိတ် ၆၅၀၊ ဟင်းချိုမှုန့် အထုပ် ၁၀၀၀၊ ငါးပိချက် အထုပ် ၃၈၀၀ နှင့် အလှူငွေကျပ်သိန်းငါးရာ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ယမန်နေ့ နံနက်ပိုင်းကလည်း လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းက ရေသန့်ကတ် ၅၀၀ နှင့် Galaxy Red Star ကုမ္ပဏီလီမိတက်တို့က ရေသန့်ကတ် ၁၀၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ စတုတ္ထသုံးလပတ်အတွင်း 5G ဝန်ဆောင်မှု စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက်ပိုင်းတွင် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မြန်မာနိုင်ငံအနေနှင့် 5G နည်းပညာအသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန် 2600 MHz လှိုင်းနှုန်းစဉ်ကို သတ်မှတ်ချထားပေးပြီး ဖြစ်ပါကြောင်း၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများ အနေဖြင့် တစ်နှစ်အတွင်း စခန်းပေါင်း ၁၀၀၀ ခန့် တည်ဆောက်ပြီး ဝန်ဆောင်မှုပေးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ 5G Task Force ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ အော်ပရေတာများအနေဖြင့် 5G နည်းပညာစမ်းသပ်ဆောင်ရွက်မှုအား ဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်စွာ ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ပြည်သူများအတွက် အရည်အသွေးကောင်းမွန်သည့် 5G ဝန်ဆောင်မှုများ ပေးနိုင်ရေး အားလုံးပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် တက်ရောက်လာကြသူများက 5G နည်းပညာဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်နေမှု၊ 5G ဝန်ဆောင်မှုပေးနိုင်ရန် လှိုင်းနှုန်းစဉ်ချထားပေးမှု၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ 5G ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှု၊ ဝန်ဆောင်မှု စတင်ဖွင့်လှစ်နိုင်ရေး လျာထား ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။




**ကြည့်ရှုစစ်ဆေး**

အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီးသည် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် Vendors ကုမ္ပဏီများမှ 5G ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၈**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်ရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ၊ လွှတ်တော်သို့ တက်ရောက်လေ့လာသည့် ရေးရာကော်မတီဝင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များက မေးခွန်းခြောက်ခုကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဦးစောဒီးဒီ ဘောလခဲမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) ၏ **“ကယားပြည်နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို”** နှင့်စပ်လျဉ်း၍ ဥပဒေပြုရေး ဆိုင်ရာကော်မတီက အစီရင်ခံစာ ရှင်းလင်းဖတ်ကြား တင်ပြပြီး စည်ပင်သာယာရေးဝန်ကြီးက ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားကို ရှင်းလင်းတင်ပြ၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြု ကြောင်း ကြေညာသည်။

ယင်းနောက် ကယားပြည်နယ်၏ ဘဏ္ဍာနှစ် အလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း ၍ ပြည်နယ်စာရင်းစစ်ချုပ်က အစီရင်ခံစာ ရှင်းလင်းဖတ်ကြားတင်ပြပြီး ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌက အစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်သို့ သုံးသပ် ဖြည့်စွက်တင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာအား အတည်ပြုကြောင်း ကြေညာ သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိဂုံး ချုပ် အမှာစကားပြောကြားပြီး တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်း အဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် တတိယ အကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ရှင်းလင်းဖြေကြား ကြသည်။

မေးခွန်းများ မေးမြန်းဆွေးနွေးမှုအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွန်ဒိုမဟုတ်သော အထပ်မြင့် စုပေါင်းတိုက်ခန်းများဆိုင်ရာ ဥပဒေတစ်ခုရေးဆွဲနိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းပြီး ယင်းအဆိုအား လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူကြကာ တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ အမျိုးသားစီမံခန့်ခွဲမှုနည်းပညာ ဒီဂရီကောလိပ်၊ သတင်းအတတ်ပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၄ ဦး လာရောက်လေ့လာကြကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက်၁၀နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၀ ကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌဦးအောင်ကျော်မိုးက တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ

**ထားဝယ် ဩဂုတ် ၁၈**

တတိယအကြိမ် တနင်္သာရီတိုင်း ဒေသကြီးလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (ပထမနေ့) ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍တိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စီးပွားရေး ကော်မတီဥက္ကဋ္ဌက လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို ရပ်နားသည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဒေါ်နယ်ထရမ့်၏ သံတမန် ကူရှ်နာနှင့် ဝန်ကြီးချုပ် နေတန်ယာဟုတို့ ဂါဇာအရေး တွေ့ဆုံဆွေးနွေး



**ဂျေရုဆလင် ဩဂုတ် ၁၈**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သံတမန်နှင့် သမက်ဖြစ်သူ ဂျဲရက်ကူရှ်နာသည် ဂါဇာကမ်းမြောင်ဒေသအခြေအနေနှင့်ပတ်သက်ပြီး ဟားမားစ်နှင့် အစ္စရေးခေါင်းဆောင်များနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဩဂုတ် ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ အစ္စရေးသတင်းစာ Haaretz က ယင်းတွေ့ဆုံဆွေးနွေးမှုကို ဂျေရုဆလင်မြို့တွင် ပြုလုပ်ခဲ့ပြီး သုံးနာရီကြာမြင့်ခဲ့ကြောင်း ဖော်ပြထားသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ဂါဇာဒေသ အသွင်ကူးပြောင်းရေးအစီအစဉ်ကို ကြီးကြပ်ကွပ်ကဲရန် ထရမ့်ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့မှ အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့သည်။

ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ နေတန်ယာဟုနှင့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့တို့သည် လေးနက်ပြီး အကျိုးရှိသော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဂါဇာဒေသတွင် လက်နက်ဖြုတ်သိမ်းရေးနှင့် စစ်မဲ့ဇုန်ဖန်တီးရေးအပါအဝင် လုပ်ငန်းအဖွဲ့များဖွဲ့စည်းရန် သဘောတူခဲ့ကြကြောင်း သိရသည်။ ပြီးခဲ့သည့်လတွင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့က ဟားမားစ်အဖွဲ့ လက်နက်ဖြုတ်သိမ်းရေးနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနှင့်ပတ်သက်ပြီး လမ်းပြမြေပုံတစ်ခုကို ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း နေတန်ယာဟုက ဟားမားစ်အဖွဲ့အနေဖြင့် အလုံးစုံလက်နက်မဖြုတ်သိမ်းမချင်း အစ္စရေးတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းသွားမည်မဟုတ်ကြောင်း ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## မိုဘိုင်းဖုန်းမှတစ်ဆင့် လျှပ်စီးကြိုတင်အသိပေးကာကွယ်ရန် ထိုင်းနိုင်ငံ ဆောင်ရွက်

**ဗန်ကောက် ဩဂုတ် ၁၈**
ထိုင်းနိုင်ငံသည် နိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းသတိပေးစနစ်အတွက် လျှပ်စီးအား သတ်မှတ်ချက်များ ချမှတ်ထားပြီး အရှေ့တောင်အာရှနိုင်ငံအတွင်း လှုပ်ရှားမှုရှိနေသည့် ပြတ်ရွေ့ကြော ၁၆ ခုကိုလည်း အထူးဂရုပြုကာ စောင့်ကြည့်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၁၈ ရက်က ပြောကြားသည်။

အာရှဒေသအတွင်း အခြားနေရာများ၌ မကြာသေးမီကဖြစ်ပွားခဲ့သည့် လျှပ်များကြောင့် ထိုင်းနိုင်ငံအပေါ် ထိခိုက်မှုမရှိသေးသော်လည်း အချိန်မရွေး ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လျှပ်လှုပ်ရှားမှုများနှင့် ပြတ်ရွေ့ကြောများ၏ ရွေ့လျားမှုများကို ဆက်လက်စောင့်ကြည့်လေ့လာနေကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေးဦးစီးဌာန (DDPM) ညွှန်ကြားရေးမှူးချုပ် သီရာပတ်ကာ ချာမတ်က ပြောကြားခဲ့သည်။

လုပ်ထုံးလုပ်နည်းအသစ်အရ မိုဘိုင်းဖုန်းသတိပေးချက်ပေးပို့စနစ်သည် ပြည်တွင်းကုန်းမြေပေါ်တွင် လှုပ်ခတ်သည့် လျှပ်ပြင်းအား ၄ နှင့်အထက်၊ အရှေ့တောင်အာရှဒေသအတွင်း လှုပ်ခတ်သည့် လျှပ်ပြင်းအား ၆ နှင့်အထက်နှင့် အက်ဒမန်ပင်လယ်အတွင်းလှုပ်ခတ်သည့် လျှပ်ပြင်းအား ၇ နှင့်အထက်တို့ဖြစ်ပွားပါက မိုဘိုင်းဖုန်းအသုံးပြုသူများထံ သတိပေးချက်များ ပေးပို့မည်ဖြစ်သည်။

**ဆင်ဟွာ**

## ကိုလံဘီယာ၌ အင်အားပြင်းလျှင်ကြောင့် စီးပွားရေးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၉ ဘီလီယံကျော်ရှိနိုင်ဟု ခန့်မှန်း

**ဘိုဂိုတာ ဩဂုတ် ၁၈**
ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁၀ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းလျှင်ကြောင့် စီးပွားရေးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၈ ဘီလီယံခန့်ရှိနိုင်သည်ဟု ကိုလံဘီယာသမ္မတ အဘယ်လာဒိုဒီလာအက်စ်ပရီယယ်လာက ခန့်မှန်းပြောကြားသည်။

ယင်းအင်အားပြင်း လျှင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၂၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၁၀၀ ကျော်နှင့် ပျောက်ဆုံးသူ ၁၄၃ ဦးရှိကြောင်း အက်စ်ပရီယယ်လာက ဩဂုတ် ၁၇ ရက်တွင် သတင်းထောက်များကို ပြောသည်။ ထို့ပြင် နေအိမ်ပေါင်း ၂၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး အဆိုပါခန့်မှန်းတွက်ချက်မှုမှာ ပျက်စီးအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကို တွက်ချက်ထားခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောသည်။

ကိုလံဘီယာအဆိုတော် ရှာကီရာသည် လျှင်ဒဏ်အပြင်းထန်ဆုံးခံစားခဲ့ရသည့် ဒေသများသို့ သွားရောက်ကြည့်ရှု၍ စာသင်ကျောင်းအသစ် ၁၀ ကျောင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကူမာမိုတိုလျှင်ဒဏ်သင့်ပြည်သူများ ပြင်းထန်သောအပူဒဏ်ကြောင့် အသက်ဆုံးရှုံးမှုမရှိစေရေး အာဏာပိုင်များ ကြိုးပမ်းဆောင်ရွက်



**တိုကျို ဩဂုတ် ၁၈**
ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကူမာမိုတိုစီရင်စု၌ အင်အားပြင်းထန်သော လျှင်လှုပ်ခတ်ခဲ့သည်မှာ သုံးပတ်ကြာမြင့်လာပြီဖြစ်သော်လည်း ဒေသခံ ၃၀၀၀ ကျော်မှာ ယခုအချိန်အထိ ရွှေ့ပြောင်းကယ်ဆယ်ရေး စခန်းများတွင် နေထိုင်နေရဆဲဖြစ်ပြီး အခြားဒေသခံများမှာ ၎င်းတို့၏ မော်တော်ယာဉ်များအတွင်း သို့မဟုတ် ပျက်စီးနေသော နေအိမ်များတွင် ဆက်လက်နေထိုင်လျက်ရှိသည်။

ဇူလိုင် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် လျှင်သည် ဂျပန်နိုင်ငံ၏ လျှင်တိုင်းတာသည့် စကေးအရ အမြင့်ဆုံးအဆင့်ဖြစ်သည့် အဆင့် ၇ အထိ ရောက်ရှိခဲ့သည်။ ယမန်နေ့မွန်းလွဲ ၂ နာရီအထိသေဆုံးသူ ၃၉ဦးရှိပြီး အလုံးစုံပျက်စီးနေအိမ် ၁၄၄၉ လုံးအပါအဝင် နေအိမ်စုစုပေါင်း ၃၁၉၅၁ လုံး ပျက်စီးခဲ့သည်။

အဆိုးရွားဆုံး ထိခိုက်ပျက်စီးခဲ့သည့် ယူကီနှင့် ရက်ဆူရှီရိုမြို့များ၊ ဟီကာဝါမြို့နယ်တို့ရှိ အိမ်ထောင်စုပေါင်း ၇၃၈၀ ခန့်တွင် လက်ရှိအချိန်အထိ ရေပေးဝေမှု မရရှိသေးသော်လည်း ဩဂုတ်လကုန်တွင် ရေပေးဝေမှု ပြန်လည်ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ကျော်အထိ မြင့်တက်သည့် ရက်များစွာရှိနေသဖြင့် ပြင်းထန်သော အပူဒဏ်ကြောင့် ထပ်မံသေဆုံးမှုများ မဖြစ်ပွားစေရန် အာဏာပိုင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## လေဆိပ်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ဆီးရီးယားက ပြင်းထန်စွာ ရှုတ်ချ

**ဒမတ်စကတ် ဩဂုတ် ၁၈**
ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အစ်ဒလစ်ပြည်နယ်ရှိ အဘူအယ်ဒူဟူး စစ်ဘက်ဆိုင်ရာ လေဆိပ်အား အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ဆီးရီးယားက ယင်းလုပ်ဆောင်မှုမှာ နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ရာရောက်ပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် အန္တရာယ်ရှိသော လုပ်ဆောင်မှုဖြစ်သည်ဟု ဆိုကာ ဩဂုတ် ၁၈ ရက်တွင် ပြင်းထန်စွာ ရှုတ်ချထားသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုများကြောင့် လေဆိပ်၏ အခြေခံအဆောက်အအုံ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း လူထိခိုက်သေဆုံးမှုမရှိကြောင်း ဆီးရီးယားစစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်၏ ထုတ်ပြန်ချက်အရ သိရသည်။ အစ္စရေးဘက်က ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး တုံ့ပြန်ပြောကြားထားခြင်း မရှိသေးပေ။ အဘူအယ်ဒူဟူးလေဆိပ်သည် ဆာရာကိဘ်မြို့၏ အရှေ့ဘက် ၂၇ ကီလိုမီတာခန့်အကွာ အဘူအယ်ဒူဟူးမြို့ အနီးတွင် တည်ရှိသည်။

**ဆင်ဟွာ**

## ဟူသီအဖွဲ့က ဆော်ဒီရေနံသန့်စင်စက်ရုံကို ဒရုန်းများဖြင့် ထပ်မံတိုက်ခိုက်

**ဆာနား ဩဂုတ် ၁၈**
ယီမင်နိုင်ငံအခြေစိုက် ဟူသီအဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်း ဂျီဇန်ဒေသရှိ ဆော်ဒီအာရမ်ကို ရေနံသန့်စင်စက်ရုံကို ဒရုန်းများဖြင့် ထပ်မံတိုက်ခိုက်ခဲ့ကြောင်း ဩဂုတ် ၁၈ ရက်က ပြောကြားခဲ့သည်။

ဟူသီအဖွဲ့၏ အဆိုနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျအာဏာပိုင်များ သို့မဟုတ် အာရမ်ကိုက ချက်ချင်းတုံ့ပြန်ပြောကြားခြင်းမရှိသကဲ့သို့ ထိခိုက်သေဆုံးသူများ ရှိ၊ မရှိ သို့မဟုတ် ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ပတ်သက်၍လည်း လတ်တလောသတင်းအချက်အလက် မထုတ်ပြန်သေးကြောင်း သိရသည်။

ဆာဘာသတင်းဌာန၏ ကိုးကားဖော်ပြချက်အရ ရေနံသန့်စင်စက်ရုံကို ဒရုန်းအများအပြားဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ယင်းတိုက်ခိုက်မှုသည် ဟူသီအဖွဲ့ထိန်းချုပ်ထားသည့် ယီမင်နိုင်ငံမြောက်ပိုင်း ဆာဒါနှင့် ဟာဂျာပြည်နယ်များအပေါ် ဆော်ဒီဘက်က လေပိုင်နက်ချိုးဖောက်မှုများကို တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဇင်ဘာဘွေ ရေယာဉ်တိမ်းမှောက်မှုတွင် သေဆုံးသူ ၉၃ ဦးရှိလာ

**ဟာရာရေး ဩဂုတ် ၁၈**
ဇင်ဘာဘွေနိုင်ငံရှိ ကာရီဘာရေကန်တွင် ဩဂုတ်လ ၁၁ ရက်က ကာရီဘာမြို့မှ ချာလာလာငါးဖမ်းစခန်းသို့ သွားရောက်သည့် ရေယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ဩဂုတ် ၁၈ ရက်က ရုပ်အလောင်းတစ်လောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီးနောက် သေဆုံးသူဦးရေ ၉၃ ဦးအထိ မြင့်တက်လာကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ဇင်ဘာဘွေနိုင်ငံ၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ပြည်သူ့သယ်ယူပို့ဆောင်ရေး မတော်တဆမှုဖြစ်ပြီး ၁၉၉၁ ခုနှစ်က နယန်ဂါမြို့တွင် ဖြစ်ပွားခဲ့သည့် ၈၉ ဦး သေဆုံးခဲ့သော ဘတ်စ်ကား မတော်တဆမှုကို ကျော်လွန်သွားပြီဖြစ်ကြောင်း ဇင်ဘာဘွေအစိုးရပိုင် သတင်းစာ The Herald က ဖော်ပြသည်။

ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပေါလ်နီယာသီကလည်း ထပ်မံသေဆုံးသူ ၃၉ ဦး၏ အမည်များကို ထုတ်ပြန်ခဲ့ပြီး မိသားစုဝင်များ သို့မဟုတ် ပျောက်ဆုံးနေသူများ၏ အခြေအနေ မသိရသေးသူများ အနေဖြင့် အာဏာပိုင်များထံ ဆက်သွယ်၍ အကူအညီရယူကြရန် တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**

## လာအို၌ ရုတ်တရက်ရေကြီး၊ မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များ သတိပေး

**ဗီယင်ကျန်း ဩဂုတ် ၁၈**
လာအိုနိုင်ငံ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုဒဏ်ကို ဒေသခံအများအပြား ခံစားနေကြရချိန်တွင် ရုတ်တရက်ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

အာဏာပိုင်များက ဒေသခံများကို အထူးသတိထားနေထိုင်ရန်နှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန်တိုက်တွန်းထားသည်။ ထို့ပြင် အချို့ဒေသများ၌ စိုးရိမ်ရေမှတ်သတိပေးအဆင့်သို့ ရောက်ရှိနေခြင်း သို့မဟုတ် ရေကြီးမှုဖြစ်ပွားနေခြင်းတို့ကြောင့် ရေမျက်နှာပြင်မြင့်တက်လာမှုကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

မိုးသည်းထန်စွာ ရက်ရှည်ဆက်လက်ရွာသွန်းမှု၏ အကျိုးဆက်များကို ဒေသအချို့တွင် ရင်ဆိုင်နေရပြီးနောက် ယခုကဲ့သို့ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

**ဆင်ဟွာ**



## စစ်တွေမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် IDP စခန်းတွင် နေထိုင်ကြသည့် ပြည်သူများအား ဆန်နှင့်စားရေရိက္ခာ ထောက်ပံ့ပေးနိုင်ရေး ဆွေးနွေး

**စစ်တွေ ဩဂုတ် ၁၈**

စစ်တွေမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် IDP စခန်းတွင် နေထိုင်ကြသည့် ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့က ဆန်နှင့်စားရေရိက္ခာများ ထောက်ပံ့ပေးနေမှု၊ WFP အစီအစဉ်ဖြင့် စားရေရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က ကူညီပံ့ပိုးပေးနိုင်မှုအခြေအနေတို့ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael John Dunford ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကိုမိဝေးဖဝေးမိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ပဲခူးမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၁၈**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပပြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပထမဆုရရှိသော ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဂုဏ်ပြုဆုများ ချီးမြှင့်ပေး၍ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ တန်ဖိုးသင့်အာဟာရပြည့် ချက်ပြုတ်သရုပ်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသော ကျောင်းကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးနှင့် တန်ဖိုးသင့်အာဟာရပြည့် ချက်ပြုတ်သရုပ်ပြ ပြိုင်ပွဲတို့တွင် ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် မူလတန်းကျောင်းသား ကျောင်းသူလေးများက "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပြီး အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ဗီဒီယိုကလစ်ကိုကြည့်ရှု၍ အသက်ငါးနှစ်အောက်ကလေးများကို အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအနေဖြင့် ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့မှ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် တန်ဖိုးသင့်အာဟာရပြည့် အစားအစာချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က တက်ရောက်အားပေးပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် တန်ဖိုးသင့်အာဟာရပြည့် အစားအစာကျွေးမွေးခြင်းနှင့် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၈**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ရေဆင်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် ပြကွက်များကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာမှ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile(သံမဏိတိုင်များ)ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကံမမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနည်းပညာပေးသင်တန်းဖွင့်

**ကံမ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို



ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသက်လွင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟက သင်တန်းတွင် ပို့ချပညာပေးမည့်ဘာသာရပ်များနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးသော MPE ယူရီးယားဓာတ်မြေဩဇာများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝါမျိုးသန့်ခြံများက ထုတ်လုပ်သော မျိုးသန့်ဝါစေ့များအား ဝါစိုက်တောင်သူများထံသို့ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ဝန်ထမ်းများက ဆက်လက်သင်ကြားပို့ချပေးခဲ့ကြသည်။

**ကျော်ဇေယျဝင်း(ကံမ)**



# သရက်မြို့၌ ရေဘေးပြောင်းရွှေ့ပြည်သူများအား ပစ္စည်းများထောက်ပံ့

**သရက် ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် သရက်မြို့နယ် လေးတိုင်စင်ကျေးရွာ ရွှေမုဋ္ဌောဓမ္မာရုံ၊ ရွှေရင်အေးဘုရား၊ စံပုံတင်ဘုန်းကြီးကျောင်း၊ လေးထပ်ဘုန်းကြီးကျောင်းတို့၌ မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးပြောင်းရွှေ့နေပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရွှေမုဋ္ဌောဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သရက်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က အိမ်ခြေ ၁၀၁ လုံး၊ လူဦးရေ ၄၁၃ ဦးတို့အတွက် ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ နွားမွေးတောင်သူများအား မြက်မျိုးစေ့နှင့် စိုက်ပျိုးစရိတ်များ ထောက်ပံ့

**အထက်မင်းလှ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နွားမွေးတောင်သူများ တိရစ္ဆာန်အစာလုံလောက်မှုရှိစေရေးအတွက် မွန်ဘားဆား မြက်မျိုးစေ့နှင့် ထွန်ယက်စိုက်ပျိုးစရိတ်များထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မျိုးစေ့များနှင့် စိုက်ပျိုးစရိတ်ပံ့ပိုးငွေကျပ်သန်း ၈ ဒသမ ၈၇၅ သန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ မယ်ဇလီတောကျေးရွာမှ တောင်သူ နှစ်ဦး၊ ဥယျာဉ်



ကျေးရွာမှ တောင်သူသုံးဦးတို့အား ထောက်ပံ့ခဲ့ပြီး ၁ ဒသမ ၇၅ ဧကရှိသည့် မြေနေရာများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဩဂုတ် ၁၇ ရက်က ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကားအရောင်းဆိုင်များ၌ ပြည်သူများထံသို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ခွဲတမ်းရစားအုန်းဆီများ အပြည့်အဝရောင်းချပေးမှု ရှိ/မရှိ၊ ပြည်သူများအား ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ/မရှိ အခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးစဉ်။

ကိုကိုမင်း(ပြန်/ဆက်)

# နတ်တလင်းမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့အကြို အခြေခံမီးသတ်သင်တန်းဖွင့်လှစ်

**နတ်တလင်း ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့အကြို အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဦးလတ်က မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်များအားလုံးအနေဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုသိရှိနားလည်သဘောပေါက်စေရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပေါင်းစပ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့



တူညီဝတ်စုံများကို ပေးအပ်ခဲ့သည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပန်းတနော်နှင့် ခနဖြူမြို့နယ်တို့၌ ကယ်ဆယ်ရေးထောက်ပံ့ငွေများ ပေးအပ်

**ပန်းတနော် ဩဂုတ် ၁၈**
ပန်းတနော်မြို့နယ် ကုလားမချောင် ကျေးရွာနှင့် အထက်ကဇင်းတောကျေးရွာများမှရေဘေးသင့် အိမ်ထောင်စုများအား ဩဂုတ်၁၇ရက်က ကယ်ဆယ်ရေးထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးက ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည့် အိမ်ခြေ ၅၆ လုံး၊ အိမ်ထောင်စု ၅၆ စုမှ လူဦးရေ ၂၅၁ ဦးတို့အတွက်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ပြောင်းရွှေ့စရိတ် ငွေကျပ် ၅၆၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုးရန်ပုံ ငွေကျပ် ၁၂၅၅၀၀၀ နှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀၊ ရေသန့်ဆေးပြားများကို ထောက်ပံ့ပေးအပ်သည်။



အလားတူ ခနဖြူမြို့နယ် အမှတ်(၁၅)ရပ်ကွက် ကမ်းနားလမ်း ဆိုင်းစုကျေးရွာနှင့် ရေလဲကြီးကျေးရွာတို့တွင် ကြိုတင်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ခြေ ၁၄၁ လုံး အိမ်ထောင်စု ၁၄၁ စုမှ လူဦးရေ၅၈၇ ဦးတို့အတွက် ကယ်ဆယ်ရေးရန်ပုံငွေကျပ် ၂၉၃၅၀၀၀၊ ကြက်ဥ၊ ရေသန့်၊ ခေါက်ဆွဲခြောက်များနှင့် ရေသန့်စင်ဆေးပြားများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိသားစုဝင်ငွေတိုးစီမံကိန်းမှ စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**ကလေး ဩဂုတ် ၁၈**
ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကီးခွီရှိန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပြီး တာဝန်ရှိသူများက သင်တန်းထွက်ကုန်ချောများကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြသည်။



အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၂ ဦးအား စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ၊ အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern ဆွဲနည်း၊ အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုးချုပ်နည်း၊ သဘော်သားအင်္ကျီချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ စကပ်ချုပ်နည်း စသည့် ဘာသာရပ် ၁၁ မျိုးကို သင်ကြားပေးသည်။ **ချိုးချိုး(ကလေး)**

## မိတ္ထီလာ၌ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားများကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၈**
မိတ္ထီလာမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၈ ရက်က အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း (ရဲပေါက်ချောင်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်မှူး



ဒေါက်တာရဲပိုင်က ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက အာဟာရပြခန်းငယ်များပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြပြီး အသက်ငါးနှစ်အောက် ကလေးငယ်များ ဗီတာမင်အေဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့ခြင်း၊ ပျိုရွယ်သူများအား သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး ကျွေးမွေးခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိအမြင်အာရုံစစ်ဆေးခြင်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သထုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဩဂုတ် ၁၈**
မွန်ပြည်နယ် သထုံမြို့နယ်၌ လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေဝါလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ Grade-6 ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ မိမိအနှစ်သက်ဆုံးစာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ဖြေကြားပေးခဲ့ကြပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ကော့သောင်း ဩဂုတ် ၁၈**
ကော့သောင်းမြို့၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်



ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြူနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကော့သောင်းဒေသ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် မိမိတို့ဌာနအလိုက်ဆောင်ရွက်သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေကျင်မြို့နယ်၌ လူကုန်ကူးမှု အသိပညာပေးဟောပြော

**ရွှေကျင် ဩဂုတ် ၁၈**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သမိုင်းဝင်ရွှေတောင်ဦးဘုရားလမ်းဘေးရှိ ခေမာသီဝံကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအုပ်ဆရာကြီး ဦးမင်းစောနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်သဲစုအောင်က လူကုန်ကူးမှုခံရသူများနှင့်ပတ်သက်၍ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးခံရမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုခံရသူများ၏ ခံစားရသည့်ဒုက္ခများ စသည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## စနစ်သစ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၁၈**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စနစ်သစ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ် ၁၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြသန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအမှုဆောင်များက ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုပြီး အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၈**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## စစ်ကိုင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁

မြန်မာ့စီးပွားရေးဘဏ်(ကိုယ်စား) ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် စစ်ကိုင်းမြို့ — တရားလို
နှင့်
၁။ ဦးအောင်ဇော်မျိုး
၂။ ဒေါ်လှလှသင်း — တရားပြိုင်များ

စစ်ကိုင်းမြို့နယ်၊ နယ်မြေ(၇)၊ အုန်းတောကျေးရွာနေ ဦးအောင်ဇော်မျိုး (ဘ) ဦးဘိုးနီနှင့် ဒေါ်လှလှသင်း (ဘ) ဦးမောင်မောင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်(ကိုယ်စား)၊ ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် စစ်ကိုင်းမြို့က ချေးငွေနှင့်အတိုးကျပ် ၁၉၈၈၈၇၆၆.၁၉ ကျပ် (ကျပ်တစ်ရာကိုးဆယ့်ရှစ်သိန်းရှစ်သောင်း ရှစ်ထောင်ခုနစ်ရာခြောက်ဆယ့်ခြောက်နှင့် ပြားတစ်ဆယ့်ကိုးတိတိ)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သူသူလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
စစ်ကိုင်းမြို့နယ်တရားရုံး

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် လေရှီးမြို့၊ မတူဂီချောင်းရေအားလျှပ်စစ်စက်ရုံ စက်ပိုင်းဆိုင်ရာများ အထွေထွေ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လဟယ်မြို့၊ ကျလွေချောင်း ရေအားလျှပ်စစ်စက်ရုံ စက်ပိုင်းဆိုင်ရာများ အထွေထွေထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်း နိုင်ပါရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | – ၁၉–၈–၂၀၂၆ ရက်မှ ၄–၉–၂၀၂၆ ရက်အထိ |
| ၃။ | **တင်ဒါတင်သွင်းရမည့်ရက်** | – ၄–၉–၂၀၂၆ ရက် (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ) |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | – တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်းနံပါတ် – ၀၇၁–၂၂၈၁၇/၀၉–၂၅၉၀၇၀၂၂၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/ခ၊ ပုလဲတန်း)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ (၀.၁၁၃၈၀) ဧကရှိ မြေသည် ဦးထွန်းအောင်ပါ(၅)ဦး အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး သက်တမ်းမှာ (၁၆–၆–၂၀၀၃)မှ (၁၅–၆–၂၀၃၃)ရက်ထိ ဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား (၁၉–၂–၂၀၂၆)ရက်တွင်ဦးထွန်းအောင်ပါ(၅)ဦး၏ မိသားစုဝင်ဆွေမျိုးရင်းချာ (၁၂)ဦးမှလက်ရှိထားအကျိုးခံစားနေသည်မှာမှန်ကန်ကြောင်းစစ်ကိုင်းခရိုင် တရားရုံးတွင်ကျမ်းကျိန်ဆို၍(၂၀–၂–၂၀၂၆)ရက်တွင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုကာ ယင်းနေ့၌ပင် ဦးတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဦးအောင်ကျော်ခိုင်၊ ဒေါ်ခင်မြတ်လတ်၊ ဒေါ်ရီရီအောင်၊ ဒေါ်ခင်ခင်စန်းအောင်၊ ဒေါ်သီတာထွန်းအောင်၊ ဦးနိုင်အောင်၊ ဦးခိုင်အောင်၊ ဦးဇေယျာအောင်၊ ဦးသန်းထွန်းခိုင်တို့ (၁၁)ဦးမှ ဦးဝဏ္ဏအောင်သို့ အဆုံးအပိုင် လက်ရောက်လွှဲပြောင်း စွန့်လွှတ်သည့် စွန့်လွှတ်စာတမ်းစာချုပ်ဖြင့် ချုပ်ဆိုပေးကမ်းခဲ့ပြီး(၆–၄–၂၀၂၆) ရက်တွင် ဦးဝဏ္ဏအောင်(၅/စကန(နိုင်)၀၂၆၈၆၆)မှဦးကောင်းမြတ်ကျော်(၅/စကန (နိုင်)၁၄၀၀၈၁) (THAYAMETTA HEALTHCHARE COMPANY LIMITED)သို့ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆုံးအပိုင် ရောင်းချသည့် အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ကျမ်းကျိန်နှင့် အမွေဆက်ခံ/စွန့်လွှတ်စာတမ်း/ အရောင်းအဝယ်စာချုပ်များ အား စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌တရားဝင်မှတ်ပုံတင်ထား ရှိခဲ့ပါသည်။ယခုအခါအဆိုပါမြေကွက်အားဝယ်ယူပိုင်ဆိုင်သူ ဦးကောင်းမြတ်ကျော် (THAYAMETTA HEALTHCHARE COMPANY LIMITED) အမည်ဖြင့် မြေငှား ဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၅)နယ်မြေ၊ စံပြမြို့သစ်တောင်ပိုင်းနေ အထက(၁) ကျောင်း Grade–12 မှ မောင်နိုင်မင်းကို၏ ဖခင် အမည်မှန်မှာ ဦးလင်းနိုင် ၈/ခမန(နိုင်)၁၅၆၉၆၅ ဖြစ်ပါကြောင်း။

**ဦးလင်းနိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက–နတ်ကြီးချောင်ကျောင်း Grade–10 တန်းမှ မနန်းအိမ့်ဆုပို၏ ဖခင်အမည်မှန်မှာ ဦးသာဝင်းရွှေ ၁၀/ပမန(နိုင်)၁၁၃၆၅၂ ဖြစ်ပါကြောင်း။

**ဦးသာဝင်းရွှေ**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း (အထက –၃) Grade–5 တွင် တက်ရောက်နေသော မနှင်းဝတ်ရည်၏ဖခင် ဦးဘိုဘိုကို၏ အမည်မှန်မှာ ဦးဘိုဘိုတိုး (၉/တသန(နိုင်) ၁၅၅၁၉၈) ဖြစ်ပါကြောင်း။

**ဦးဘိုဘိုတိုး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)ရပ်ကွက်၊ သရဖူ(၁)လမ်း၊ မြေကွက်အမှတ် (၁၀၀၅/က)ရှိ အကျယ်အဝန်း အလျား ပေ (၂၀)xအနံပေ(၆၀)၊ ဧရိယာ စတုရန်းပေ(၁၂၀၀) ရှိ ဦးသိန်းဇံ (၁၂/အလန(နိုင်)၀၀၅၉၈၃) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးကြည်သန်း (၁၂/ဒဂတ(နိုင်) ၀၀၀၃၈၆)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာထွန်း (၈/အလန(နိုင်)၁၃၈၉၈၀) က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO DL–101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၀၇၃)**
**ဖုန်း – ၀၉–၄၅၆၁၃၃၄၄၆၊ ၀၉–၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ဗိုလ်ဆွန်ပတ်လမ်း၊ မြေကွက်အမှတ်(၃၂၆)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိဦးတင်လှ (၇/လပတ(နိုင်)၀၁၄၄၈၄)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်မေဖြူချော (၉/ပမန(နိုင်)၁၃၂၀၇၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)
Ph,09421746974

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အထက ကျိုက္ခမီ Grade–2မှ (ဘ) ဦးစိုးခိုင်၏သမီး မယွန်းသော်တာလင်း၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးအောင် ၇/ဒဥန(နိုင်)၁၅၃၀၇၈ ဖြစ်ပါကြောင်း။

**ဦးပြည့်ဖြိုးအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅.၈.၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၁)ပါ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကြော်ငြာမှ အောင်ဝေယံဖြိုး အစား မောင်ဝေယံဖြိုး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၄၂၊ ဦးပိုင်အမှတ် ၂၉၊ ၃၅.A လမ်း၊ ၇၆x၇၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဘေဘီဝင်း ၉/မရတ(နိုင်)၀၅၆၁၀၂ က အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ လက်ပန်ကျိုးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း Grade–2မှ ဖခင် ဦးကျော်ဇေလင်း ၁၂/သခန(နိုင်)၁၅၁၁၄၉ ၏ သား မောင်သားစစ်ပိုင်အား မောင်ဟိန်းထက်ပိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်ပိုင်**

## အမည်မှန်၊ ဖခင်အမည်မှန်

တောင်ကြီးမြို့၊ Win Hill ကိုယ်ပိုင်အထက်တန်းကျောင်း Grade– 12 မှ နန်းဆိုင်စင်လိုင်း ၏ အမည်မှန်မှာ နန်းဆိုင်စင်လျှန်း (၁၃/လလန(နိုင်)၁၂၁၇၃၈)ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းပန်းမောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့၊ အ.ထ.က (ဖာလိုင်– မိုင်းပျဉ်း) Grade–12 မှ နန်းနွယ်နွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကို ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (န–၈)၊ ဦးပိုင်အမှတ် ၄၅–ခစင်း၊ ၄၂x၄၃ကြား၊ ၆၃x ၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးသန်း ၉/မရမ(နိုင်)၀၅၄၆၇၇၊ ဒေါ်စပယ်အုန်း ၁၃/ကမန(နိုင်)၀၀၅၀၇၀တို့က ဂရန်စာချုပ်တင်ပြ၍ ခစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများပြည်သူသိရှိရန်ကြေညာခြင်း

တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၂၄/စာတိုက်အရှေ့)၊ ဦးပိုင်အမှတ်(၅၀)၊ မြေဧရိယာ (၀.၂၁၁)ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၀၂၆–၅/၂၀၂၃–၂၀၂၄(အေ)ဖြင့် ဒေါ်လီရင်ရှင်းအား နှစ်(၃၀) မြေငှား ဂရန်ထုတ်ပေးထားပြီး အဆိုပါမြေကွက်အား ဦးစိုင်းမောင်၁၃/မရတ (နိုင်)၀၁၃၅၀၆၊ ဦးအိုက်ယီ ၁၃/တယန(နိုင်)၀၁၃၅၀၇ တို့မှ အိမ်၊ မြေနေရာ လွှဲပြောင်း ရောင်းချခြင်းစာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်ခဲ့သဖြင့် မိမိတို့အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ရရှိရေး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**တန့်ယန်းမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6447 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၄၅–က၊ ၅၃x၅၅ကြား၊ ၁၀၂ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်အေးမွန် ၉/မရမ(နိုင်) ၀၄၄၈၀၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၉၊ ဦးပိုင်အမှတ် ၁–ည၊ ၁၉x၂၀ကြား၊ ၉၀x၉၁လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့်ဋ္ဌေး ၉/ခအဇ(နိုင်) ၀၁၇၂၁၀က ဘိုးဘ စာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ် (ပပ–၁၀)၊ ဦးပိုင်အမှတ် (၄၃)၊ ၆၁ x ၆၂ကြား၊ ၁၃၄ x ၁၃၅ လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်တင့် ၏ (SP ရရှိသူ ဦးအောင်စိုးဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၂၆၀၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမော် ၉/မရမ(နိုင်) ၀၆၃၁၀၄က အမှုတွဲအမှတ်(၁၈၅၈/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7W/62614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန ၊ ခရိုင်ရုံး
(သထုံ)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၅၈၊ ဦးပိုင်အမှတ် ၇၇–ဈ၊ ၈၆x၈၇ ကြား၊ ၃၁x၃၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေလ လင်း ၉/မနတ(နိုင်)၀၆၆၃၉၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ–၈၊ ဦးပိုင်အမှတ် ၆၅၊ ၆၃x၆၄ကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြသန်းထံမှ အပေးစာချုပ်အမှတ် (၁၇၅၃/၂၀၂၅)ဖြင့် ပေးကမ်းခြင်းကိုလက်ခံခဲ့သော ဦးအောင်ကျော်မျိုး ၉/မနမ(နိုင်)၀၃၁၆၈၉၊ ဒေါ်အေးအေးမွန် ၉/မနမ(နိုင်)၀၀၅၄၉၀ တို့က အမှုတွဲအမှတ်(၁၈၅၇/၂၀၂၆–၂၀၂၇)ဖြင့်အမည်ပြောင်းလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/31884, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်လှိုင်အေး ၉/ပသက(နိုင်) ၁၂၀၈၅၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/75639, Honda Click –125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းပိုင် ၁၄/အဂပ(နိုင်)၁၉၂၈၄၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၆၆၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်လင်း ၁၀/မဒန(နိုင်) ၁၁၇၈၇၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၄၈၁၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ဦး ၃/ဘအန(နိုင်)၂၉၁၃၅၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၂၈၁၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးလွင် ၁၀/မလမ(နိုင်) ၁၆၈၉၄၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် –

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ/ဓာတ်ဆီ (92 Ron) | ၄၇၀၀၀၀ ဂါလန်/ ၆၀၀၀၀ ဂါလန်/ ၂၀၀၀၀ ဂါလန် |
| (ခ) | UPS(၂)မျိုး/ Computer(Laptop)/ တာယာ(၃၇)မျိုး | ၁၃ လုံး/ ၅ လုံး/ ၄၈၀ စုံ/လုံး |
| (ဂ) | ကုလားထိုင်(လက်တန်းပါ/ လက်တန်းမပါ/ စတီး/ ဆုံလည်) | ၅၁လုံး/ ၄၀လုံး/ ၅၀လုံး/ ၁၀လုံး |
| (ဃ) | ဘီဒို(သစ်သား/သံ)/ ဖိုင်တင်စင်/ ကွန်ပျူတာစားပွဲ+ကုလားထိုင် | ၁၀ လုံး/ ၆၂ လုံ/ ၆၀ ခု/ ၂၆ စုံ |
| (င) | စားပွဲ(အရာရှိ/ စာရေး/ သံ)/ 6.6 kV,710 kV Induction Motor | ၃၉ လုံး/ ၅၄ လုံး/၅၀ လုံး/ ၁ လုံး |
| (စ) | Laboratory Fume Hood/ သံချောင်းလုံးအရွယ်စုံ(HRB–400) | 1 Set / ၂၀၀ တန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀ – ၈ –၂၀၂၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁–၉–၂၀၂၆ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်– ၀၁–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဖခင်အမည်မှန်

အထက(၄) မအူပင် Grade–6မှ မသင်းသင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထူးစံ ၁၄/မအပ(နိုင်) ၂၀၃၆၆၅ ဖြစ်ပါကြောင်း။

**ဦးဇော်ထူးစံ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက (မှန်ချောင်း) Grade–12 မှ မဆိုင်းလုံ၊ (Grade–8) မှ မောင်ဆိုင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လ (၁/ ဗမန(နိုင်)၀၆၉၁၈၀) ဖြစ်ပါကြောင်း။ **ဦးအောင်လ**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက (မှန်ချောင်း) (Grade–12)မှ မပန်းနုဝေ၏ မိခင်အမည်မှန်မှာ ဒေါ်လှလှရီ (၇/ကတခ (နိုင်)၀၉၈၀၁၇) ဖြစ်ပါကြောင်း။

**ဒေါ်လှလှရီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက (မှန်ချောင်း) Grade–12 မှ အာရ်သီး Grade–9 မှ ကီရမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးဂျပရ်ကပ် (၇/ကတခ(နိုင်) ၁၂၂၀၀၀) ဖြစ်ပါကြောင်း။

**ဦးဂျပရ်ကပ်**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၆)၊ တောင်နွားကုန်း၊ ဦးပိုင်အမှတ် (က/၇၂)၊ မြေကွက်အမှတ် (၁၇၂)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဘိုးဘပိုင်မြေအား အမည်ပြောင်းလဲပေးပါရန် ဒေါ်မာမာအေး ၈/သရန(နိုင်)၀၄၈၅၅၆မှ လျှောက်ထားလာသည့်အတွက် ၎င်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မတိုင်မီ စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သရက်မြို့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းရှင်များ သိရှိနိုင်ပါရန် နှိုးဆော်အကြောင်းကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများ(ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ) အတွင်း တည်ထောင်လုပ်ကိုင်လျက်ရှိသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ (ကျွန်း/သစ်မာ/စက်မှုကုန်ကြမ်း/ရာဘာ/ဝါး/လျှော်ဖြူ)အတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပေးဆောင်ရမည့် မြေငှားရမ်းခများနှင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အထိ ပေးသွင်းရန် နှစ်အလိုက်ကျန်ရှိသည့် မြေငှားရမ်းခကြွေးကျန်များအား စိုက်ခင်းလုပ်ငန်းရှင်များမှ သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာနများသို့ ဆက်သွယ်၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အပြေအကြေပေးသွင်းကြပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သော်ကလမ်း၊ တိုက်အမှတ်(၆၇၉)၊ အခန်းအမှတ်–(မြေညီထပ်)(ခေါင်းရင်းခန်း)(ယာဘက်) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးကျော်သူအောင် (၁၂/မရက(နိုင်)၁၉၁၈၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာလီဝင့် (၁၄/မမန(နိုင်)၂၁၈၈၂၅)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စုစုခိုင် (LL.B) (စဉ်–၁၁၅၅၃)**
**ဒေါ်ခင်စောသိန်း (LL.B) (စဉ်–၁၃၂၈၆)**
**ဒေါ်သိမ့်သဥ္ဇာလီ(LL.B, LL.M) (စဉ်–၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉– ၄၄၃၀၂၆၁၉၉၊ ၀၉ –၇၃၀၂၆၁၉၉**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် တောင်ကျချောင်းရေ တိုက်စားမှုကြောင့်ပျက်စီးခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့ရှိ တိုင်းခမ်းချောင်းရေအားလျှပ်စစ်စက်ရုံ၏ မြို့ပြပိုင်းဆိုင်ရာ အကြီးစားပြုပြင်ခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – (၁၉–၈–၂၀၂၆) ရက်မှ (၁၇–၉–၂၀၂၆)ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** – (၁၈–၉–၂၀၂၆) ရက် ၊ (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** – တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ ဖုန်းနံပါတ် – ၀၇၁–၂၂၈၁၇၊၀၉–၂၅၉၀၇၀၂၂၃**

## တင်ဒါဖိတ်ခေါ်ခြင်း

၁။ China Civil Engineering Construction Corporation (Myanmar Limited) မှ ASK Development Project အတွက် သဲတူးဖော်ခြင်းလုပ်ငန်း (Sand Extraction Works)အား တစ်ဆင့်ခံကန်ထရိုက်အနေဖြင့် ဆောင်ရွက်မည့်တင်ဒါများအား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းအကြောင်းအရာ –

- APF,AMSO1 နှင့် ABV01နေရာများတွင် ဖို့ရန်လိုအပ်သော (CBR>4% နှင့် CBR>25%) ရှိ သဲအမျိုးအစားအတွက် တူးဖော်ခြင်းလုပ်ငန်းဖြစ်ပါသည်။
- တူးဖော်ခြင်းလုပ်ငန်းအား စီမံကိန်းဝင်း၏ အနောက်တောင်ဘက်ရှိ အကျယ်အဝန်း ၁၇၀,၀၀၀ စတုရန်းမီတာ (m2) ခန့်ရှိသော မြေကွက်လပ်တွင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- လိုအပ်သော သဲထုထည်ပမာဏ ခန့်မှန်းခြေ ၄၃၂,၆၀၆ ကုဗမီတာ (m3) ဖြစ်ပြီး၊ တူးဖော်ရရှိသည့် သဲကို ၁ ကီလိုမီတာ (km) ပတ်လည်အတွင်း သယ်ယူပို့ဆောင်ပေးရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းအတိုင်းအတာ – သဲတူးဖော်မည့် မြေနေရာ/မြေကွက်နှင့် ဒီဇယ်ဆီတို့ကို Contractor ဘက်မှ ပံ့ပိုးပေးမည် ဖြစ်ပြီး ၎င်းမှအပ အခြားလိုအပ်သော ပစ္စည်းကိရိယာများ၊ လုပ်သားအင်အားနှင့် စက်ယန္တရားများအားလုံးကို သဲတူးဖော်မည့် တစ်ဆင့်ခံကန်ထရိုက်မှ ကိုယ်ပိုင်စီမံခန့်ခွဲ၍ စီစဉ်ရမည်။

၄။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** – ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

၅။ **တင်ဒါတင်သွင်းရမည့်လိပ်စာ** – တာဝါ(B)၊ ရွှေဇမ္ဗူရေးဗားဖြူးကွန်ဒို၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်အချက်အလက်များစုံစမ်းရန် ရုံးချိန်အတွင်း ဖုန်း–၀၉–၆၉၆၈၁၀၂၈၃ (သို့မဟုတ်) အီးမေးလ်– yuhuiguan53@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်–၈၆၁ ဟုခေါ်တွင်သော တသဝမ်းတင်(၁၂/ ဒဂန(နိုင်)၀၀၇၇၅၆)အမည်ဖြင့်မှတ်သားတည်ရှိသည့် ပါမစ်မြေအမျိုးအစား (အလျား–ပေ၄၀xအနံ–ပေ၆၀)အနက်မှ (အလျား–၂၃ပေxအနံ–ပေ၆၀)အကျယ်အဝန်းရှိ (ခေါင်းရင်းခြမ်း)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်(၁)လုံးကို ရောင်းချသူများဖြစ်ကြသော ၁။ ဒေါ်မူမူ (၁၂/ဥကမ(နိုင်)၀၀၈၇၈၆)၊ ၂။ ဒေါ်ဆုဆုနှင်းလှိုင်(၁၂/ဒဂန(နိုင်) ၀၃၀၄၉၃)၊ ၃။ ဦးဝဏ္ဏစိုး (၁၂/ဒဂန(နိုင်) ၀၂၄၉၇၄)တို့က အဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ တခြားသူတစ်ပါးထံတွင် လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေများက အဆိုပါမြေကွက်နှင့်နေအိမ်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်အေးမြသီတာ(LL.B, D.B.L, D.I.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း–၀၉–၄၂၁၁၅၂၄၃၂**

## ဖခင်အမည်မှန်

သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ (ထမံအထက်)ဘားဘုံမှ မြောက်ဒဂုံ အထက(၁) Grade–12 တွင် ပညာသင်ကြား နေသော နော်အေးပြည့်ပြည့်ထူးနှင့် နော်အေးပြည့်ပြည့်ဦးတို့ ၏ဖခင် ဦးဂျူပလီဖော၏ အမည်မှန်မှာ စောဂျူဗလီဖော ၃/သတန(နိုင်)၀၂၈၀၃၃ ဖြစ်ပါကြောင်း။

**စောဂျူဗလီဖော**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/5019, BA JAJ 205D(199 CC), Three Wheel Passenger(3x2) ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ထွန်း ၁၄/ ဝခမ(နိုင်)၁၈၈၄၄၆ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/19821, Yinxiang–110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဦး ၉/ပဘန (နိုင်) ၁၅၄၃၃၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## တင်ဒါဖိတ်ခေါ်ခြင်း

၁။ China Civil Engineering Construction Corporation (Myanmar Limited) မှ Development Projectအတွက် မြေဖို့ခြင်းလုပ်ငန်း (Site Backfilling Works)အား တစ်ဆင့်ခံကန်ထရိုက်အနေဖြင့် ဆောင်ရွက်မည့် တင်ဒါများအား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းအကြောင်းအရာ – (၁) ခန့်မှန်းခြေ ဧရိယာအကျယ်အဝန်း ၂၀၇,၉၂၃ စတုရန်းမီတာ ($m^2$)ပေါ်ရှိ အပေါ်ယံမြေဆီလွှာနှင့် ပေါင်းမြက်များကို အနက် ၂၀၀ မှ ၃၀၀ မီလီမီတာ (mm) အထိ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်း၊ (၂) (CBR>4%)ရှိသော မြေအမျိုးအစား ခန့်မှန်းခြေ ထုထည် ၃၉၁,၂၀၂ ကုဗမီတာ ($m^3$) နှင့် (CBR>25%)ရှိသော မြေအမျိုးအစား ခန့်မှန်းခြေ ထုထည် ၄၁,၄၀၄ ကုဗမီတာ ($m^3$) အား မြေဖို့ခြင်းလုပ်ငန်းနှင့် (၃) ဖို့ထားသောမြေအား Standard Proctor Density (ASTM D698) – ၉၅ ရာခိုင်နှုန်း ရောက်ရှိသည်အထိ သိပ်သည်းအောင်ပြုလုပ်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

၃။ လုပ်ငန်းအတိုင်းအတာ – မြေဖို့ခြင်းလုပ်ငန်းအတွက် လိုအပ်သော ဖို့မြေနှင့် ဒီဇယ်ဆီတို့ကို Contractor ဘက်မှ ပံ့ပိုးပေးမည်ဖြစ်ပြီး ၎င်းမှအပ အခြားလိုအပ်သော ပစ္စည်းကိရိယာများ၊ လုပ်သားအင်အားနှင့် စက်ယန္တရားများအားလုံးကို လုပ်ငန်းဆောင်ရွက်မည့် တစ်ဆင့်ခံကန်ထရိုက်မှ ကိုယ်ပိုင်စီမံခန့်ခွဲ၍ စီစဉ်ရမည်။

၄။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** – ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၂၇ ရက်

၅။ **တင်ဒါတင်သွင်းရမည့်လိပ်စာ** – တာဝါ(B)၊ ရွှေဇမ္ဗူရေးဗားဖြူးကွန်ဒို၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်အချက်အလက်များ စုံစမ်းရန်ရုံးချိန်အတွင်း ဖုန်း–၀၉–၆၉၆၈၁၀၂၈၃ (သို့မဟုတ်) အီးမေးလ်– yuhuiguan53@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)အထက Grade–6 အတန်းမှ မအိသုဝေ၏ ဖခင် ဦးစန်းထွေး၏ အမည်မှန်မှာ ဦးဆန်းထွေး ၈/ပခက(နိုင်)၂၀၇၀၃၀ ဖြစ်ပါကြောင်း။

**ဦးဆန်းထွေး**
**၈/ပခက(နိုင်) ၂၀၇၀၃၀**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်း (ညောင်ခြေထောက်)ကျောင်း၊ Grade–12 မှ မောင်အူမာပသီး၏ ဖခင်အမည်မှန်မှာ ဦးရမ်းပရာသပ် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade(12)Aမှ မဇွန်ဖူးဇန်နှင့် Grade(5)B မှ မောင်ရှိုင်းထက်မြတ်အောင် တို့၏ ဖခင် ဦးအောင်ကျော်ဆန်း၏ အမည်မှန်မှာ ဦးကျော်ဆန်း ၈/စလန(နိုင်) ၀၈၅၈၄၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရှမ်းပွဲ၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ (၀.၀၇၃)ဧကရှိ ဦးမောင်ကို(ပါ )၂–ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးတင်မောင်ဆွေ၊ ၉/ပမန(နိုင်)၀၄၂၄၂၀ မှ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကတိသစ္စာပြုလွှာ၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၁)ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိနှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမျိုးသန်းအောင် (၁၄/ပသန(နိုင်)၀၀၁၇၆၈) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစစ်နိုင် (၁၂/ဒဂတ(နိုင်) ၀၃၀၁၄၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းသူရဇော်(LL.B) အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)**
**ဒေါ်ယမင်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)**
**ဦးရဲသီဟ(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## အမည်မှန်ဖြစ်ကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်ဝင်းထက်ကိုယ်ပိုင်အထက်တန်းကျောင်း(မူဆင့်မပါ)တွင် G–12 (STEAM–2)၌ ပညာသင်ကြားနေသော မင်းချမ်းလင်းအောင် ၏ဖခင် အမည်မှန်မှာ မင်းအောင်ခိုင် ဖြစ်ပါကြောင်း။

**မင်းအောင်ခိုင်**
**၃/ကကရ(နိုင်)၀၇၇၈၆၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ အမက (၁၂)ကျောင်းမှ မူလတန်းပြ ဒေါ်နန်းမူမူညွန့်၏ ဖခင်အမည် ဦးတင်ညွန့် (ခ)ဦးစောတင်ညွန့် ၃/ဘအန(နိုင်)၀၃၈၄၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

